မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၁)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိလူမျိုးကိုလည်းအကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေသည့်လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်လာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူခွဲခြားနိုင်စွမ်းမရှိတော့ ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရပြီဆိုသည့် ပကတိအခြေအနေမှန်ကိုနားလည်သင့်ပြီ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးကို လက်နက်ကိုင်ဆန့်ကျင်မှုဝဲဂယက်က အစဉ်ထာဝရလွတ်မြောက်နိုင်စေရန် ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတံခါးဖွင့်ထားဆဲပင်ဖြစ်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ကျင်းပသော အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ဖွင့်ပွဲသို့ တက်ရောက်၍ ဖွင့်ပွဲအထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပြီး ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင်

စာမျက်နှာ ၇ ကော်လံ ၁ ✱

အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံ သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ရှိ ကွန်ပျူတာခန်း၊ e-Library၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပြခန်းနှင့် စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်လျက်ရှိသည့် သမိုင်းအစဉ်အလာကြီးမားသော မြန်မာအမျိုးသမီးများ

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် မိခင်နှင့်ဖခင်၊ သားနှင့်သမီးတို့ ရာသက်တိုင် ရိုးမြေကျ ပါဝင်သော မိသားစုကိုအခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသည်။ မိသားစုအတွင်းတွင် မိခင်သည် ဖခင်နှင့် တန်းတူစီမံခန့်ခွဲနိုင်မှု အခွင့်အရေး ရရှိထားပေသည်။

မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍစုံတွင် တန်းတူရည်တူ အခွင့်အရေး ရရှိခဲ့ကြသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန် အလေးဂရုပြု လေးစားမှု၊ အပြန်အလှန် နေရာပေးအလေးထားမှု စသည့်အခြေခံကောင်းများလည်း အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတိုင်း၌ မြန်မာအမျိုးသမီးများသည် ထူးထူးချွန်ချွန် စွန့်စွန့်စားစား ပါဝင်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသည်။ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

အမျိုးသမီးထုကြီးသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိခံစားခဲ့ကြရုံသာမက အများအကျိုးကို မိသားစုစိတ်ဓာတ်ဖြင့် ရှေးအစဉ်အဆက်ကတည်းက သယ်ပိုးဆောင်ရွက်လာခဲ့သူများ ဖြစ်သည်။

ပညာပြည့်ဝနလုံးလှသည့် မြန်မာအမျိုးသမီးများသည် "စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"ဟူသော ဆိုစကားနှင့်အညီ မိမိတို့၏ အမျိုးဂုဏ်ဒြပ်ကို အသက်နှင့် ထပ်တူထပ်မျှ စောင့်ထိန်းလိုက်နာခဲ့ကြသည်။ နိုင်ငံ့လက်ရုံးများအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်၌ ထွန်းတောက်ကျော်ကြား အထင်အရှားရှိခဲ့သည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် အမျိုးသမီးဦးရေသည် ၂၇သန်းကျော်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေခြင်းကြောင့် အဖွဲ့ချုပ် စတင်ဖွဲ့စည်းပြီးချိန်မှ ယနေ့အထိ အဖွဲ့ဝင် ၂ဒသမ၅၆ သန်းကျော် ရှိလာခဲ့သည့်အပြင် အဖွဲ့ဝင်သစ်များလည်း တိုးပွားလာလျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အရေးကိစ္စများကို ကလေးအရွယ်၊ အမျိုးသမီးငယ်ရွယ်၊ သက်ကြီးရွယ်အိုဟူသည့် အရွယ်သုံးပါးတွင် ကြုံတွေ့ရမည့် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကိစ္စများကို နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာအမျိုးသမီးများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ စည်းရုံးဦးဆောင်မှုဖြင့် လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန် မြင့်မားစွာဖြင့် နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီခွဲက ရန်ကုန်မြို့ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူးဖော်ထုတ်ရေးတွင် ဆယ်အိမ်စုမှူးရွေးချယ်ပုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆင့်ပွားသင်တန်းပြန်လည်ဖွင့်လှစ်

အဆိုပါသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်၄၈ဦး တက်ရောက်ကြပြီး သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်များ၌ ဆင့်ပွားသင်တန်းများ ပြန်လည် ဖွင့်လှစ်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူးများအား ဖော်ထုတ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၁-၆-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"သမ္မာဒိဋ္ဌိငါးမျိုး"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အဖြူရောင်သံယောဇဉ်"**
၀၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA World CUP Germany 2006 ဘောလုံးပွဲ England Vs Paraguay (Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၁၅ ၇။ မိုးလေဝသသတင်း
၆:၂၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၉။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၄၉)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ကျန်းမာသုတ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ FIFA World CUP Germany 2006 ဘောလုံးပွဲ Mexico Vs Iran (Live)

၁၂-၆-၂၀၀၆ (နံနက်ပိုင်း)

၁:၃၀ ၁။ FIFA World CUP Germany 2006 ဘောလုံးပွဲ Angola Vs Portugal (Live)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် Golden Hill Tower နေ မောင်ဝီရိယ သူရမွန်၏ တစ်နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးခင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

❐ *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က မိုးမိတ်မြို့နယ်၏ဒေသဆိုင်ရာအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက်စီမံကိန်းလျာထားချက်နှင့်အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က မိတ်ဆက်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုးမိတ်မြို့ မြို့မပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်တီအားလည်းကောင်း၊ ပညာရေးဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဦးဖေအေးကျော်အား လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်တစ်လုံးကို တော်ကိုင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောဦးအားလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်သည်။

ဒေသရောက်ဝန်ထမ်းများအနေဖြင့် မိမိဌာနဆိုင်ရာလုပ်ငန်းများအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကိုပါ လေ့လာဆည်းပူးပြီး မိမိရောက်ရှိရာဒေသတွင်း ဒေသခံ တိုင်းရင်းသားပြည်သူများအား အကြံကောင်း ဉာဏ်ကောင်းများဖြင့် စေတနာထားပြီး လိုအပ်သည်များ တတ်နိုင်သမျှ ပံ့ပိုးကူညီဖြည့်ဆည်းပေးကြရန်လိုကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး အတွက် ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများက ပြည်ထောင်စု စိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုခံယူနေကြသော တိုင်းရင်းသားပြည်သူများအား တစ်ဦးချင်းနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံရှိလူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သွားဘက်ဆိုင်ရာဌာနနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဝတ်စုံများပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဆေးရုံညွှန့်ခန်းမတွင် ကျန်းမာရေးဝန်ထမ်းများ အတွက် ဝတ်စုံများကို ဆေးရုံအုပ်ဒေါက်တာမောင်တီထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်လေယာဉ်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် တာဝန်ရှိသူများက မိုးမိတ်လေယာဉ်ကွင်းရှိ လေယာဉ်ပြေးလမ်းမှာ မူလအရှည်ပေ၅၁၀၀၊ အကျယ်ပေ၁၀၀ရှိပြီး ၁၉၈၅ခုနှစ်အထိ F-27 ဖော်ကာလေယာဉ်များ ဆင်းသက်ခဲ့၍ အဆိုပါလေယာဉ်ကွင်းကို အနောက်ဘက်သို့ ပေ၂၀၀၀တိုးချဲ့ရန်နှင့် ကွင်းအကျယ်ကို ပေ၃၀၀အထိ တိုးချဲ့ရန် လျာထားချက်များရှိခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုးမိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းနှင့် ပတ်ဝန်းကျင်အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့ နယ်မြေခံတပ်ရင်းများ၏ ခြံစည်းရိုးကြက် ဆူပျိုးပင် ၁၂၀၀၀ပျိုးခြံ၌ ကျင်းပသော မိုးမိတ်တပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြပြီး တပ်နယ်မိသားစုများနှင့် အတူ ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့မှ မိုးမိတ်-တွင်းငယ် ကျောက်ချောလမ်းစစ်ဆေးရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ လမ်းတစ်လျှောက်လမ်းနှင့် တံတားများ၊ သဘာဝသစ်တောများနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာသို့ ရောက်ရှိကြပြီး ပဒါန်းကျေးရွာအုပ်စု မြို့နယ် ခြံစည်းရိုးကြက်ဆူစံပြ ဧက၁၀၀ စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုးမိတ်-တွင်းငယ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ် (၂၅/၀)ကင်းချောင်းကျေးရွာအနီး၌ အရှည်ပေ ၄၁၀၊ အကျယ် ၁၅ပေရှိ ဘေလီတံတားအမျိုးအစား ကင်းချောင်းတံတားသို့ရောက်ရှိကြပြီး ကင်းချောင်းတံတား ကြံ့ခိုင်မှုနှင့် ကင်းချောင်းရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ လမ်းတစ်လျှောက် အမာခံလမ်းအဖြစ် အဆင့်မြှင့် မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တွင်းငယ်ကျေးရွာရှိ သရက်မြိုင်ရိပ်သာသို့ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၄မှ တာဝန်ရှိသူများက မိုးမိတ်-တွင်းငယ်လမ်း မိုင်တိုင်အမှတ် (၁/၀)မှ(၄၆/၀)အထိ အရှည် ၄၆မိုင်ကို လမ်းသားအကျယ် ၁၈ပေ၊ လမ်းတာပေါင် အကျယ် ပေ ၄၀ အမာခံလမ်းအဖြစ် ဖောက်လုပ်လျက်ရှိရာတွင် တာပေါင်ဖို့ခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ခြောက်လက်မထုရှိ ဒုအခြေခံလွှာခင်းကြိတ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေနှင့် လမ်းပိုင်းတစ်ခုလုံး၌ သစ်သားတံတား ၁၃၂စင်းနှင့် ဘေလီနှင့်သစ်သားပေါင်းစပ်တံတားတစ်စင်း၊ ကွန်ကရစ်တံတား ၁၂စင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပူးတွဲဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုးမိတ်- တွင်းငယ်လမ်းကို အမာခံလမ်းအဖြစ် ဖောက်လုပ်မှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ သတ်မှတ်ကာလအမီ ပြီးစီးအောင်ဆောင်ရွက်သွားရေး၊လမ်း၏စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်သွားရေး၊ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မိုးမိတ်ဒေသသည် သဘာဝ

မိုးမိတ်ဒေသသည် သဘာဝသယံဇာတပေါကြွယ်သည့်ဒေသဖြစ်ရာ စီးပွားရေးကဏ္ဍနှင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် အဆင့်အထိရောက်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူတို့က တာဝန်သိသိ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

ကွင်းဆင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် မိုးမိတ်ဒေသသည် စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ဒေသဝမ်းစာဖူလုံမှုမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆက်လက်၍လည်း ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားရေး၊ အထူးအထွက်တိုးစပါးရိတ်သိမ်းချိန်၌ အနီးပတ်ဝန်းကျင်မှ ဒေသခံ တောင်သူများအား ဖိတ်ခေါ်၍ တိုးတက်အောင်မြင်မှုကို ဒေသအတွင်း ဖြန့်ကြက်ဆင့်ပွားသွားရေးတို့ကို ဌာနဆိုင်ရာများက ကွင်းဆင်းစည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

တိုးချဲ့စိုက်ပျိုး

စိုက်ပျိုးသူအပါအဝင် နိုင်ငံတော်ပါ အကျိုးရှိစေမည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ စမ်းသပ်စိုက်ပျိုးရေး၊ ခြံစည်းရိုး ကြက်ဆူပင်များကို နိုင်ငံတော်မှ သတ်မှတ်လျာထားချက်ထက် ပြည့်မီ ကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးကြရေး မှာကြားလိုကြောင်း။

ခရေပင် စိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မြန်မာကွန်ဗင်းရှင်း စင် တာ၌ ကျင်းပ သည့် မိုးရာသီစုပေါင်း စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

✡ *ကျောဖုံးမှ*

ဆက်လက်၍ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခြံစည်းရိုးဘေးပတ်လည်၌ ခရေပင် ၆၉ပင်၊ ကံ့ကော်ပင်၆၆ပင်၊ ခရာဝါပင် ၂၃၀နှင့် ပန်းအိပင်၂၈၈ပင် စုစုပေါင်း အရိပ်ရပင် ၁၃၅ပင်နှင့် ပန်းအလှပင် ၅၁၈ပင်တို့ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သစ်သီးဝလံ ပန်းမန်ပြပွဲဝင်းသို့ ရောက်ရှိပြီး မင်းဓမ္မလမ်းဘေး သစ်သီးဝလံ ပန်းမန်ပြပွဲဝင်း အပြင်ဘက်၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင် အပင် ၁၅၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားမှကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ ထုတ်လွှင့်ပြသမှုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

Yangon Entertainment မှ မြဝတီရုပ်မြင်သံကြားတွင် 2006 World Cup Germany ဘောလုံးပွဲစဉ်များ စတင်ထုတ်လွှင့်မှု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဇွန်၉ရက်ညရနာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel (Ball Room)၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဒေါ်ဆွေဇင်ထိုက်က ဆောင်ရွက်ပြီး Yangon Entertainment မှ Managing Director ဦးလှဝင်း**(အောက်ဝဲပုံ)**က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Admin Manager ဦးကိုကိုဦးက Yangon Entertainment အနေဖြင့် မြန်မာ့ဘောလုံးအားကစားအောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဘောလုံး အားကစားဝါသနာရှင် ပရိသတ်များအနေဖြင့်လည်း ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများနည်းတူ ကမ္ဘာ့ဖလားပွဲစဉ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန် စိတ်စေတနာဖြင့် မြဝတီရုပ်မြင်သံကြားမှ 2006 World Cup Germany ဘောလုံးပွဲစဉ်များအား Lolane Hiar & Skin Care (Grand Wynn Enterprises Ltd.)နှင့် Gold Roast Coffee Mix(Myanmar Distribution Group Co.,Ltd.)တို့နှင့် ပူးပေါင်း ထုတ်လွှင့်ပြသခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ကမ္ဘာ့ဖလားဘောလုံးပွဲ ပွဲစဉ်ပေါင်း ၆၄ပွဲရှိသည့်အနက် ၅၆ပွဲအား ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး အုပ်စုပတ်လည်အဆင့်ပွဲစဉ်ပေါင်း ၄၀ အနက်မှ ၂၆ပွဲအား တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်မှ ဗိုလ်လုပွဲအထိ ၁၆ပွဲကိုလည်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

Yangon Entertainment မှာ ၁၉၉၈ခုနှစ် ပြင်သစ်နိုင်ငံတွင်ကျင်းပခဲ့သော 1998 World Cup (France) ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် Euro 2000 ဘောလုံးပွဲများကို ထုတ်လွှင့်ပြသခဲ့သည့်အပြင် EPL & FA Cup ဘောလုံးပွဲများကို မြဝတီရုပ်မြင်သံကြားမှ စီစဉ်တင်ဆက် ထုတ်လွှင့်ပြသလျက်ရှိကြောင်းသိရှိရသည်။ 2006 World Cup Germany ဘောလုံးပွဲစဉ်များတွင် စီးပွားရေးလုပ်ငန်းရှင်များသည် ကြော်ငြာများ ထည့်သွင်းလိုပါက Yangon Entertainment Co.,Ltd. အမှတ်၄၀ ၆၇လမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ယနေ့ကမ္ဘာ့ဖလားပွဲနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကို ဇွန် ၉ ရက်မှစ၍ ကျင်းပနေပြီဖြစ်ရာ ဇွန် ၁၁ရက် (ယနေ့) ကစားကြမည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များနှင့် ပတ်သက်၍ အမြင်အချို့ကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမား ရန်ပိုင်

- အများကတော့ ဆားဘီးယားနှင့် နယ်သာလန်တို့ပွဲမှာ နယ်သာလန်နိုင်မယ်လို့ ယူဆပေမယ့် ဆားဘီးယားအသင်းဟာ ခြေစစ်ပွဲတွေမှာ ရှုံးပွဲမရှိခဲ့ဘူး၊ ပေးဂိုးလည်းနည်းတယ်၊ နောက်တန်းလုံတယ်။ နယ်သာလန်အသင်းကောင်းတယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ပြောစရာမရှိဘူး။ နယ်သာလန်အနိုင်ရရင်တောင် ကပ်ပြီးနိုင်မှာပါ။ သရေတောင်ကျနိုင်တဲ့ပွဲပါ။
- မက္ကဆီကိုနဲ့ အီရန်ပွဲတော့ မက္ကဆီကိုတို့ပဲနိုင်မယ်။ ခြေလည်းကွာပါတယ်။ အာရှမှာ အီရန်တို့ နာမည်ရှိပေမယ့် ဥရောပခြေကို မယှဉ်နိုင်ဘူးထင်တယ်။ အီရန်တို့သရေပွဲတောင် မလွယ်ပါဘူး။
- ပေါ်တူဂီနဲ့ အင်ဂိုလာပွဲမှာ ပေါ်တူဂီတို့ခက်ခက်ခဲခဲ ကစားရမယ်ထင်တယ်။ အင်ဂိုလာက အုပ်စု(ဃ)မှာ ဖျက်မြင်းဖြစ်နိုင်တယ်။ ပေါ်တူဂီတို့နိုင်မယ့်ပွဲဆိုပေမယ့် သတိထားကစားရမယ့် အနေအထားရှိပါတယ်။

အဆိုတော် လင်းလင်း

- ဆားဘီးယားနဲ့ နယ်သာလန်ပွဲမှာ နယ်သာလန်(ဟော်လန်) ကို ကြိုက်တယ်။ နယ်သာလန်က ခြေစွာတဲ့အသင်းမို့ ဆားဘီးယားတို့ ဘယ်လိုမှ မယှဉ်နိုင်ပါဘူး၊ နယ်သာလန်တို့ နိုင်မယ့်ပွဲပဲ ဖြစ်မှာပါ။
- မက္ကဆီကိုနဲ့အီရန်ပွဲကတော့ မက္ကဆီကိုနိုင်မယ်။ အီရန်တို့ခြေက ကမ္ဘာ့ဖလားမှာ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ မက္ကဆီကိုတို့က စိတ်ဓာတ်အသာစီးနဲ့ကစားပြီး အီရန်ကို အနိုင်ယူသွားမယ်လို့ထင်တယ်။
- အင်ဂိုလာနဲ့ ပေါ်တူဂီပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပါ။ ပေါ်တူဂီတို့ နိုင်မယ်ထင်တယ်။ အင်ဂိုလာက အသင်းသစ်ဆိုပေမယ့် ပေါ်တူဂီတို့ လွယ်လွယ်တော့မရနိုင်ဘူး။

(မြန်မာ့အလင်း)

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အုပ်စု(ဂ)ပွဲစဉ်များ

ရက်စွဲ	ယှဉ်ပြိုင်မည့်အသင်းများ	မြန်မာစံတော်ချိန်	ကျင်းပမည့်နေရာ
၁၁–၆–၂၀၀၆	ဆားဘီးယား–နယ်သာလန်(ဟော်လန်)	ည ၇ နာရီခွဲ	လိုက်ပ်ဇစ်
၁၆–၆–၂၀၀၆	အာဂျင်တီးနား–ဆားဘီးယား	ည ၇ နာရီခွဲ	ဂျယ်လ်ဆင်ကာချန်
၁၆–၆–၂၀၀၆	နယ်သာလန်(ဟော်လန်)–အိုင်ဗရီကို့စ်	ည ၁၀ နာရီခွဲ	စတုဂတ်
၂၂–၆–၂၀၀၆	နယ်သာလန်(ဟော်လန်)–အာဂျင်တီးနား	နံနက် ၁ နာရီခွဲ	ဖရန့်ဖတ်
၂၂–၆–၂၀၀၆	အိုင်ဗရီကို့စ်–ဆားဘီးယား	နံနက် ၁ နာရီခွဲ	မြူးနစ်

အုပ်စု(ဃ)ပွဲစဉ်များ

ရက်စွဲ	ယှဉ်ပြိုင်မည့်အသင်းများ	မြန်မာစံတော်ချိန်	ကျင်းပမည့်နေရာ
၁၁–၆–၂၀၀၆	မက္ကဆီကို–အီရန်	ည ၁၀ နာရီခွဲ	နူရင်ဘတ်
၁၂–၆–၂၀၀၆	အင်ဂိုလာ–ပေါ်တူဂီ	နံနက် ၁ နာရီခွဲ	ကိုလုံး
၁၇–၆–၂၀၀၆	မက္ကဆီကို–အင်ဂိုလာ	နံနက် ၁ နာရီခွဲ	ဟန်နိုဗာ
၁၇–၆–၂၀၀၆	ပေါ်တူဂီ–အီရန်	ည ၇ နာရီခွဲ	ဖရန့်ဖတ်
၂၁–၆–၂၀၀၆	ပေါ်တူဂီ–မက္ကဆီကို	ည ၈ နာရီခွဲ	ဂျယ်လ်ဆင်ကာချန်
၂၁–၆–၂၀၀၆	အီရန်–အင်ဂိုလာ	ည ၈ နာရီခွဲ	လိုက်ပ်ဇစ်

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၆–၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ အရာတော်ရေလှောင်တမံ
၈:၂၀ ၉။ အဆိုပြိုင်ပွဲ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Say it in English
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁:၅၅ ၅။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၂:၀၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"မင်္ဂလာရှိသောနေ့"** နိုင်းနိုင်း၊ နန္ဒာလှိုင် [ဒါရိုက်တာ–မောင်မောင်ဦး (စနိုးဝှိုက်)]
၁၃:၄၀ ၇။ အဆိုပြိုင်ပွဲ
၁၃:၅၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၁၄:၀၅ ၉။ အကပြိုင်ပွဲ
၁၄:၁၅ ၁၀။ **"အန္တရာယ်ကင်းစေဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ–သက်တင်)
၁၄:၃၀ ၁၁။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၂။ International News
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ Discovery
၁၈:၅၀ ၁၁။ မရမ်းကုန်းရေထိန်းတံခါး
၁၈:၅၅ ၁၂။ ဘက်စုံဖွံ့ဖြိုးတိုးတက်စည်ပင်ရှမ်းမြောက်ဒေသ ကျေးလက်တစ်ခွင်(အပိုင်း–၂)
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း–၄)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၅၂)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ရှာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၆–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ကျန်းမာပေ့ါပါး ရေကူးအားကစား
၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ ဆီးချိုသွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံအကြောင်း အပိုင်း(၁)
၈:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ နိုင်ငံတကာအနုပညာရေးရာ
၈:၃၅ မိုးလေဝသခန့်မှန်းချက်
၈:၄၀ ရေတာရှည်မြို့နယ်ကျွန်းအထူးစိုက်ခင်း
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅ မြန်မာနိုင်ငံရဲ့ စပါးကျီတိုင်းရောဝတီ
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၂၅ စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ အပိုင်း(၁)
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ Myanmar Video Rhythm
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများဖွံ့ဖြိုး တိုးတက်ရေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



ဂျပန်အလုပ်သမားများ အလုပ်ကြိုးစားလုပ် အနားကောင်းကောင်းယူလေ့ရှိကြ

အလုပ်ကြိုးစား လုပ်ကိုင်ခြင်းကြောင့် လူနေထိုင်မှု အဆင့်အတန်းမြင့်မားပြီး ချမ်းသာသော နိုင်ငံအဖြစ်ရပ်တည်နိုင်သည်ဟု ဂျပန်နိုင်ငံသားအများစုကသိရှိထားကြရာ ဂျပန်နိုင်ငံသားတို့၏ စီးပွားရေးတိုးတက်မှုမှာ အလုပ်ကြိုးစားခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

အနားယူ

ဂျပန်အလုပ်သမားများသည် လုပ်ငန်းခွင်တွင် အချိန်ပြည့် လုပ်ကိုင်နေကြသူများဖြစ်ပြီး သတ်မှတ်ချိန်အတွင်း အလုပ်ပြီးစီးအောင် ဆောင်ရွက်တတ်ကြသည်ဟုဆိုသည်။ထို့အတူ အလုပ်ချိန်ပြင်ပ၌ အနားယူရာတွင်လည်း စိတ်အနှောင့်အယှက်ကင်းစွာ အနားယူလေ့ရှိသည်။

လေ့လာချက်

မလွဲမရှောင်သာသော ကိစ္စရပ်များကြောင့် လုပ်ငန်းခွင်အတွင်း အနားယူရသည့်အခါ တတ်နိုင်သမျှ သက်သောင့် သက်သာရှိအောင် အနားယူတတ်ကြသည်ဟုလည်း ဂျပန်နိုင်ငံ နီဟွန်တက္ကသိုလ်မှ ပြုလုပ်သော လေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အလေ့အထ

ထို့အပြင် ဂျပန်နိုင်ငံသားများသည် လုပ်ငန်းခွင်၌ ပြဿနာတစ်စုံတစ်ရာ မဖြစ်အောင် အတတ်နိုင်ဆုံးရှောင်ကြပြီး စိတ်အေးချမ်းသာစွာ အလုပ်လုပ်တတ်ကြသည့် အလေ့အထရှိကြသည်ဟုလည်းဖော်ပြထားသည်။

အလုပ်ချိန်အတွင်း အချိန်ဖြုန်းနေသူတစ်ဦးမျှမရှိကြောင်းလည်း အဆိုပါ တက္ကသိုလ်မှ ပါမောက္ခမာကိုတိုအူချီယာမာက ပြောကြားသည်။ ဂျပန်အလုပ်သမားအများစုသည် လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသော တာဝန်များကို ပြီးစီးအောင်လည်း ဆောင်ရွက်တတ်ကြကြောင်း ဂျပန်အလုပ်သမား ၃၀၇၅ ဦးကို လေ့လာသုတေသနပြုခဲ့သည့် အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

သားအိမ်ကင်ဆာဆေးသစ်တစ်မျိုး ထိရောက်စွာ ရောဂါကာကွယ်ပေးနိုင်

ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် အနည်းဆုံး အမျိုးသမီး ၂၉၀၀၀၀ခန့်မှာ သားအိမ်ကင်ဆာကြောင့် သေဆုံးနေကြရသည်။

ထုတ်လုပ်

ထိုသို့ ကင်ဆာရောဂါကြောင့် သေဆုံးခြင်းမှ ကာကွယ်ရန်အတွက် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုမှ သားအိမ်ကင်ဆာရောဂါကာကွယ်ဆေးသစ်တစ်မျိုးကို ပထမဆုံးအကြိမ် အောင်မြင်စွာ ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

စီမံထား

ယင်းသားအိမ်ကင်ဆာ ကာကွယ်ဆေးသစ်ကို Merckကုမ္ပဏီက ထုတ်လုပ်ခဲ့ပြီး အသက်ကိုးနှစ်နှင့် ၂၆ နှစ်ကြားရှိ မိန်းကလေးများနှင့် အမျိုးသမီးများအတွက် အသုံးတည့်အောင် စီမံထားသည်ဟုဆိုသည်။

၎င်းကင်ဆာ ကာကွယ်ဆေးသစ်သည် အမျိုးသမီးများအတွက် သားအိမ်ကင်ဆာကို ကာကွယ်ရာတွင် ထူးခြားမှုရှိသည့် ကာကွယ်ဆေးဖြစ်ကြောင်း အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေး ကော်မရှင်နာ ဗွန်အက်ချ်ချန်ဘတ်က ပြောကြားသည်။

ကုန်ကျစရိတ်

အဆိုပါ ဆေးဝါးသည် သားအိမ်ကင်ဆာကိုကာကွယ်ရန် ခြောက်လတာ ကုသမှုကုန်ကျစရိတ်မှာ ဒေါ်လာ ၃၆၀ခန့်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းဆေးဝါးသည် လိင်ဆောင်ရွက်မှုများမတိုင်မီ ငယ်ရွယ်စဉ် မိန်းကလေးငယ်များဘဝတွင်ကုသပါက ပိုမိုထိရောက်မှုရှိကြောင်း အဆိုပါကုမ္ပဏီမှ ဆေးဘက်အကြံပေးအဖွဲ့က တင်ပြထားသည်။

လိုင်စင်ထုတ်ပေး

၎င်းဆေးကို Gardasil ဟု အမည်ပေးထားပြီး ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး ၂၁၀၀၀အား ခြောက်လတာဆေးစမ်းသပ်ခဲ့ပြီးနောက် အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ရာနှုန်းပြည့်ထိရောက်မှုရှိသော ဆေးအဖြစ် သဘောတူညီကာ လိုင်စင်ထုတ်ပေးခဲ့သည်။

(ကိုးကား–အင်တာနက်)



တောင်ကိုရီးယားတိုက်လေယာဉ် ဂျပန်ပင်လယ်အတွင်း ပျက်ကျ

ဆိုးလ် ဇွန် ၁၀

ဗုဒ္ဓဟူးနေ့ ညပိုင်းက လေ့ကျင့်ပျံသန်းနေစဉ်အတွင်း ပျောက်ဆုံးခဲ့သော တောင်ကိုရီးယား အက်ဖ်-၁၅ ကေ ဂျက်တိုက်လေယာဉ်အား ဂျပန်ပင်လယ်အတွင်း ပျက်ကျနေသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနနှင့် လေတပ်မှ ဇွန် ၈ရက်က အတည်ပြု ပြောကြားသည်။

ယင်းလေယာဉ်သည် ဒေဂူ ၄၅မိနစ်တွင် ထွက်ခွာသွားခဲ့ပြီး လေတပ်အခြေစိုက်စခန်းမှ ည ၇နာရီ ရတ်တရက် လေတပ်စခန်းရေဒါမှ ပျောက်ကွယ်သွားခဲ့ကြောင်း လေတပ်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေတပ်မှ ရှာဖွေရေး ဆောင်ရွက်စဉ်အတွင်း ဆိုးလ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၅၀ခန့်ရှိ အရှေ့ပိုင်း ကမ်းရိုးတန်းမြို့ ပိုဟန်၏ ပင်လယ်ပြင်ထဲတွင် လေယာဉ် အပျက်အစီး အပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံး

လေယာဉ်ပေါ်ပါ လေယာဉ်မှူးနှစ်ဦးစလုံး ယခုထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ကူးတို့သင်္ဘောနစ်မြုပ်

ဒါကာ ဇွန် ၁၀

ဘင်္ဂလားပင်လယ်အော်တွင် သတ်မှတ်တန်ချိန်ထက်ကျော်လွန်၍ လူနှင့်ကုန်များ တင်ဆောင်လာသော ကူးတို့သင်္ဘောတစ်စင်း**(အပေါ်ပုံ)**သည် လေမုန်တိုင်းတိုက်ခတ်စဉ် ဇွန်၈ရက်က နစ်မြုပ်သွားရာ ၁၇ဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကူးတို့ သင်္ဘောသည် စစ်တကောင်း ကမ်းရိုးတန်းသို့ စုန်ဆင်းလာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆမ်ဝစ်ကျွန်းမှ စစ်တကောင်းသို့သွားသည့် ရေလမ်းကြောင်းပေါ်တွင် လေမုန်တိုင်းကျရောက်ချိန်၌ ၎င်းသင်္ဘောသည် ခရီးသည်နှင့်ကုန်များကို သတ်မှတ်သည်ထက် ပိုတင်ခဲ့သည်။

အချို့သူများသည် ကမ်းသို့ ရေကူးသွားခဲ့ကြသည်။ သို့သော် ပျောက်ဆုံးနေသော ၁၅ဦးအား ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗစ်တိုးရီးယားတံတားပြန်လည်ဖွင့်လှစ်မည်

လူဆာကာ ဇွန် ၁၀

ဇမ်ဘီယာနှင့် ဇင်ဘာဘွေတို့အကြားရှိ ချမ်ဘီဇီမြစ်ကို ဖြတ်သန်းဆက်သွယ်တည်ဆောက်ထားသည့် နှစ်ပေါင်း ၁၀၁နှစ်ရှိ ဗစ်တိုးရီးယားတံတားကို ယမန်နှစ်က ယာဉ်အသွားအလာများ၍ ပြုပြင်ခဲ့ရာ ဇွန် ၁၅ရက်တွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက လူဆာကာ၌ ဇွန် ၈ရက်က ပြောကြားသည်။ (ဝဲပုံ)

အဆိုပါ တံတားကြီးမှာ ပြန်လည်ပြုပြင်တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်ကြောင်း၊ တန်၆၀နှင့်အောက် မော်တော်ယာဉ်များကို ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီး အေဘယ်ချန်ဘီရှိက ပါလီမန်သို့ ပြောကြားသည်။

တည်ဆောက်

ယင်းတံတားကို သံမဏိသံပေါင်များဖြင့် တည်ဆောက်ထားပြီး မီတာ ၁၅၆ ဒသမ ၅၀ ရှည်ကြောင်း သိရသည်။

လိုအပ်

အရေးပေါ် ပြင်ဆင်မှုလုပ်ငန်းများအတွက် မတည်ငွေကို ကမ္ဘာ့ဘဏ်မှ ထုတ်ပေးခဲ့ပြီး နောက်ထပ် အဓိက ပြင်ဆင်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ ၇သန်း လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရားမဝင် စီးကရက်စက်ရုံ ဩစတြီးယား၌ ဖမ်းဆီးသိမ်းယူ

ဗီယင်နာ ဇွန် ၁၀

ဩစတြီးယားနိုင်ငံ ဆယ်ဘတ်မြို့ ဆင်ခြေဖုံးရှိ တရားမဝင်စီးကရက်စက်ရုံတစ်ရုံကို ဩစတြီးယားအာဏာပိုင်များက ဖမ်းဆီးသိမ်းယူလိုက်ကြောင်း ဒေသဆိုင်ရာမီဒီယာက ဇွန် ၇ရက်တွင် ဖော်ပြသည်။

ဖမ်းဆီး

ယင်းတရားမဝင်စီးရက်စက်ရုံကို အာဏာပိုင်များက သိမ်းယူလိုက်ပြီးနောက် မှုခင်းနှင့်ဆိုင်သော အဖွဲ့ခေါင်းဆောင်ကိုလည်း ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။

ဩစတြီးယားနိုင်ငံတွင် ယင်းကဲ့သို့ စီးကရက်စက်ရုံကို ဖမ်းဆီးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း တရားရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ဒေသဆိုင်ရာ သတင်းစာက ဖော်ပြသည်။

ထုတ်လုပ်

ယင်းစီးကရက်စက်ရုံမှာ တရားမဝင်စီးကရက်များ ထုတ်လုပ်ရာတွင် အနည်းဆုံး တစ်နှစ်ရှိပြီဖြစ်ကြောင်း ယင်းမှ စီးကရက်ကာတွန်းလေးသန်းခန့် ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ တရားမဝင်စီးကရက်များကို ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံသို့ မှောင်ခိုရောင်းချနေသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကိတ်မုန့်ဘောလုံး

ဘောလုံးပုံစံ ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ်နေသူတစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချုံကျင်းမြို့ရှိ ဆိုင်တစ်ဆိုင်တွင် ကမ္ဘာ့ဖလားပွဲအထိမ်းအမှတ်အဖြစ် ဘောလုံးပုံစံကိတ်မုန့်ကြီး ပြုလုပ်လျက် ရှိသည်။ အဆိုပါကိတ်မုန့်ကြီးသည် ဘောလုံးပုံစံကိတ်မုန့်များတွင် အကြီးဆုံး ဘောလုံးပုံစံ ကိတ်မုန့်ကြီးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ခွေးနှင့်ဘဲတို့ အဆွေခင်ပွန်းဖွဲ့နေ

အိမ်မွေးခွေး တစ်ကောင်နှင့် ဘဲလေးတစ်ကောင် အဆွေခင်ပွန်းဖြစ်နေကြသည်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အနောက် တောင်ပိုင်း ကွမ်ကျိုမြို့တွင်သာမန်အားဖြင့် ရန်သူ သဖွယ်ဖြစ်နေသော ခွေးတစ်ကောင်နှင့် ဘဲပေါက်လေးတစ်ကောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် ရန်မူခြင်းမရှိဘဲ ချစ်ခင်စွာနေထိုင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်(၂၀၀၅-၂၀၀၆) ပညာသင်နှစ် သတ္တမအကြိမ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)သင်တန်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲနှင့် (၂၀၀၆-၂၀၀၇) ပညာသင်နှစ် သင်တန်းသားသစ် ကြိုဆိုပွဲ အခမ်းအနားတွင် သြဝါဒကထာ မြွက်ကြားစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(၂၀၀၅-၂၀၀၆) ပညာသင်နှစ် သတ္တမအကြိမ်ဒီပလိုမာ(ဗုဒ္ဓဓမ္မ)သင်တန်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲနှင့် (၂၀၀၆-၂၀၀၇) ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၀၅-၂၀၀၆) ပညာသင်နှစ် သတ္တမအကြိမ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းအောင်လက်မှတ် ပေးအပ် ချီးမြှင့်ပွဲနှင့် (၂၀၀၆-၂၀၀၇) ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဗဟိုဆောင် ဘာဝနာမဟာသဘာခန်းမ၌ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် အဓိပတိ ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်နှင့် ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်မှ သြဝါဒကထာမြွက်ကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသက ရဟန်းတော်များ၊ အမျိုးသားများ၊ သီလရှင်များနှင့် အမျိုးသမီးများကို ဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်တော်မူပြီး ကျောင်းသားများက အဓိဋ္ဌာန်ပြုကြသည်။

ထို့နောက် ပါမောက္ခချုပ် ဆရာတော်က သင်တန်းသားသစ် ရဟန်းတော်များအား ကျောင်းတံဆိပ်ပါ ကတ္တီပါယပ်များကို လည်းကောင်း၊ သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများအား ကျောင်းတံဆိပ်ပါ ယောဂီတဘက်ကိုလည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြု အပ်နှင်းသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသ မထေရ်မြတ်က သြဝါဒကထာနှင့် သမ္မောဒနီယသန္ဒေသကထာ မြွက်ကြားသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ပရိသတ်အပေါင်းက "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ ဆေးနှင့်ဆေးပစ္စည်းများကို ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ အေးကိုကိုထံ ပေးအပ်စဉ်။ (ရထား)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအသိပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ရာသီအလိုက် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းမှူး၏ ဇနီးနှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ တက်ရောက်သည်။

အဖွင့်အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝမ်းလျှောဝမ်းပျက်ရောဂါအကြောင်းကို ကျန်းမာရေး ဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာတင်တင်အေးကလည်းကောင်း၊ ခြင်ကြောင့် ဖြစ်ပွား တတ်သော ရောဂါများအကြောင်းကို လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်မွန်မွန်က လည်းကောင်း ဟောပြောကြသည်။

လက်ခံယူ

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်အေးအေးက ငွေကျပ်ငါးသိန်းနှင့် ယင်လုံအိမ်သာဆောက်လုပ်ရန် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြင့်ဌေးကလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း(ဗဟို)အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ အေးကိုကိုက လည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရန် ပျဉ်းမနား မြို့နယ်အတွက် ခြင်ထောင် ဆေးစိမ် ဆေးပြားများကို ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မွန်မွန်က ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ဌေးက လည်းကောင်း လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ဗိုလ်လကျာ်လမ်းရှိ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ သွားရောက်၍ ကိုယ်ဝန်ဆောင် မိခင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံပြီး ဗဟို ကော်မတီဝင် ဒေါက်တာသိန်းသိန်းဌေးက ကိုယ်ဝန်ဆောင်မိခင်များအတွက် ကိုယ်ဝန်စောင့်ရှောက်မှု လုပ်ငန်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပို့ချပြီး မြို့နယ်သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လယ်ဝေးမြို့သို့ ရောက်ရှိပြီး လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ရာသီအလိုက် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်၍ ဟောပြောပို့ချသည်။

လက်တွေ့သရုပ်ပြသ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်အေးအေးက ဆေးနှင့် ဆေးပစ္စည်းများထောက်ပံ့ ပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက် ရေးအသင်းအတွင်းရေးမှူး ဒေါက်တာ အေးမာ ကြည်ကလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်းက ယင်လုံ အိမ်သာဆောက်လုပ်ရန် ငွေကျပ် ငါးသိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်အေးအေးခိုင်က လည်းကောင်း၊ ငှက်ဖျား ရောဂါကာကွယ်နှိမ်နင်းရေးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာခင်မွန်မွန်က လယ်ဝေး မြို့နယ်အတွက် ခြင်ထောင် ဆေးစိမ် ဆေးပြားများကို ပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်က လည်းကောင်း လက်ခံကြပြီး ငှက်ဖျား ရောဂါကာကွယ်နှိမ်နင်းရေး ဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မွန်မွန်က ခြင်ထောင်ဆေးစိမ်နည်းကိုလက်တွေ့ သရုပ်ပြသသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် နှင့်အဖွဲ့ဝင် များသည် လယ်ဝေးမြို့နယ် မိခင်နှင့် ကလေးစောင့် ရှောက်ရေး အသင်းရုံးသို့ သွားရောက်၍ အသင်း ဝင်များနှင့် ကိုယ်ဝန်ဆောင် မိခင်များ၊ မူကြိုကလေး များအား တွေ့ဆုံ၍ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းနှင့် ပတ်သက်သည့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ မူကြို ကလေးများ၏ ပညာသင်ယူမှုနှင့် ကျန်းမာရေး အခြေအနေများကို လည်းကောင်း ဟောပြော ပို့ချအားပေး ကြည့်ရှု ထောက်ပံ့ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇွန်လအတွက်
(၁၁-၆-၂၀၀၆)ရက်နေ့
နှင့်
(၂၅-၆-၂၀၀၆)ရက်နေ့

နိုင်ငံတော်အကြီးအကဲ၏အမြော်အမြင်ကြီးမားသောလမ်းညွှန်မှုနှင့် ဖြူစင်သည့်စေတနာများအကျိုးရလဒ် ခေတ်ပညာတတ်များကို ပြည်ထောင်စုကြီး၏နယ်ပယ်ကဏ္ဍစုံက ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းတို့ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ပင်မအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✱ ရွှေဖုံးမှ

အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာပြီး မော်လမြိုင်လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ဘားအံမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခရီးစဉ်တစ်လျှောက် လမ်းဘေးဝဲယာတွင် ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ကွင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက်ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ရိပ်သာသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ နံနက် ၉နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဘားကပ်စံပြကျေးရွာရှိ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ပင်မအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ အစိုးရကွန်ပျူတာ ကောလိပ်(ဘားအံ)မှ ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းခိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံ ပြည်သူများ၊ အကအဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)၏ ပင်မအဆောက်အအုံသစ်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ သံတမန်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ) ပင်မအဆောက်အအုံသစ်ရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

ထို့နောက် အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဝန်ကြီးဦးသောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့်သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စား လှယ်များက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

နံ့သာရည်များပက်ဖျန်း

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ပင်မဆောင်အတွင်းရှိ ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ ဝန်ကြီးဦးသောင်းနှင့် တာဝန်ရှိသူများက နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)၏ပင်မအဆောက်အအုံ သစ်ဖွင့်ပွဲအခမ်းအနားကို ပင်မဆောင်တတိယထပ်ရှိ ခန်းမဆောင်၌ ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကိုတက်ရောက်လာကြသည့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သံတမန်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ အားလုံး "မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"၊ "တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ဒေသခံပြည်သူများအားလုံး စိတ်အေး ချမ်းမြေ့စွာ ရရှိခံစားနိုင်ကြပါစေ"ဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သပါကြောင်း။

တစ်စုတစ်ဝေးတည်း

ယနေ့ ဘားအံအစိုးရကွန်ပျူတာကောလိပ်မှာ သစ်လွင်ခံ့ညားသည့် ပင်မအဆောက်အအုံကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့် အတွက် ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်းမှာ တက္ကသိုလ်၊ ကောလိပ်များ အဖြစ် ဘားအံတက္ကသိုလ်၊ ဘားအံအစိုးရနည်းပညာကောလိပ်နှင့် ဘားအံ အစိုးရကွန်ပျူတာကောလိပ်တို့သည် တစ်စုတစ်ဝေးတည်း ပြည့်ပြည့်စုံစုံဖြစ်ထွန်း လာခဲ့ပြီဖြစ်ပါကြောင်း။

ယခုလို သစ်လွင်ခံ့ညားသည့်အဆောက်အအုံများ၊ ခေတ်မီသင်ထောက်ကူ ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများနှင့်ပြည့်စုံနေပြီဖြစ်သည့် တက္ကသိုလ် ကောလိပ်များကို အနှစ်သာရပိုင်းအရပါ အရည်အသွေးမြင့်မား သည့် တက္ကသိုလ် ကောလိပ်များဖြစ်လာစေရအောင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၏စဉ်ဆက်မပြတ်နိုးကြားတက်ကြွသည့် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ဆက်လက်ဖော်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

ဖန်တီးဖော်ဆောင်

မိဘပြည်သူများအနေနှင့်လည်း မိမိတို့ပြည်နယ်အတွင်းဖြစ်ထွန်းတည်ရှိ နေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏စွမ်းအားဖြင့် အရည်အသွေးပြည့်ဝသည့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်း နေစေရအောင် တည်ငြိမ်အေးချမ်းသာယာသည့်ပတ်ဝန်းကျင်ကောင်း၊ ရှင်သန် တိုးတက်သည့်စီးပွားရေးအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဤအရာသည် တစ်ဦးချင်းအတွက်ရော၊ မိမိပြည်နယ်နှင့် နိုင်ငံတော် အတွက်ပါ အလွန်လေးနက်ကျယ်ပြန့်သည့် တာဝန်ပိုင်းလည်း ဖြစ်ပါကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းတာဝန်ကျေပွန်မှုမှသည် ပေါင်းစည်းညီညွတ် သည့် တာဝန်ကျေပွန်မှုများနှင့် မိမိ၏ကောလိပ်၊ မိမိ၏ပြည်နယ်၊ မိမိ၏ နိုင်ငံတော်ကို အင်နှင့်အားနှင့် မနားမနေ တည်ဆောက်ထူထောင်သွားကြရမည့် သဘောထားလည်း ဖြစ်ပါကြောင်း။

ဟန်ချက်ညီညီ

နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ယခုကဲ့သို့ပြည်သူတစ်ဦးချင်း၏ တာဝန်ပိုင်း၊ ပြည်သူအများ၏တာဝန်ပိုင်း၊ နိုင်ငံတော်အစိုးရ၏တာဝန်ပိုင်း ဆိုပြီး တာဝန်အသီးသီးရှိပြီးဖြစ်သည့်အတိုင်း ကိုယ်စီကိုယ်စီတာဝန်များကို ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ကျေပွန်ကြရန် အရေးကြီးပါကြောင်း။

ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်စုံကဏ္ဍစုံ နယ်ပယ် စုံမှာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု၊ တည်ဆောက်ဖန်တီးမှုများကို အရှိန် အဟုန်နှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စနစ်သစ်တစ်ခု၊ ခေတ်သစ် တစ်ခုကို ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရန်အတွက် တိုင်းပြည်မှာနိုင်ငံရေး၊ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သည့် အခြေခံများ ပြည့်စုံစေရအောင် ဦးတည်ချက်ရှိရှိဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် **နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားလူမျိုးများအားလုံးအပေါ် ထားရှိသည့် မေတ္တာ၊စေတနာနှင့်ယှဉ်သည့် လမ်း ညွှန်မှုများကို လေးစားစွာ ခံယူလိုက်နာပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြဲနိမ့်မြင့် ကွာဟမှုတွေ လျော့နည်းကျဆင်းအောင်၊ ပြည်နယ်၊ တိုင်းအား လုံးတစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင်၊တိုင်းရင်းသား ညီအစ် ကိုအားလုံး ကျော့သားရင်သားမခွဲခြားဘဲ တိုးတက်စေရအောင်ဆိုသည့် မွန်မြတ် သည့် ရည်မှန်းချက်ကို အမြဲအလေးထား အကောင်အထည်ဖော် ဆောင်ရွက် နေတာလည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးများ စုပေါင်းနေထိုင်သည့် ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မမေ့မလျော့ ဖိဖိစီးစီး အကောင်အထည်ဖော်ပေးလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း။**

ပြည့်စုံထိုက်တန်

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာ့ အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရန်ဆိုရာတွင် မိမိနိုင်ငံအတွင်း စွမ်းအားပြည့်ဝခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်အစိုးရ၏ ဖြူစင်သည့် စေတနာ

ယနေ့ဆိုလျှင် ကရင်ပြည်နယ်အတွင်း၌ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သာမက နည်းပညာ ကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ပေးခဲ့ပြီးဖြစ်၊ ကရင်ပြည်နယ် ဘားအံမြို့သည် မော်လမြိုင်မြို့နှင့် မိုင် ၃၀ခန့်သာကွာဝေးပြီး ယခုအချိန် အခါတွင် အချိန်တိုအတွင်း လွယ်လင့်တကူ သွားလာနိုင်သည့် အခြေအနေ ရောက်ရှိနေပြီ ဖြစ်သော်လည်း ကရင်ပြည်နယ်က တိုင်းရင်းသား လူငယ်များကို မိမိတို့ဒေသအတွင်းမှာပဲ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ဂုဏ်သိက္ခာရှိရှိ ကျနွှေရရ သင်ကြားခွင့် ရရှိစေလိုသည့် နိုင်ငံတော်အစိုးရ၏ဖြူစင်သည့်စေတနာကြောင့် ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်ကို ဒေသခံပြည်သူများ သိရှိနားလည်စေချင်။

စာမျက်နှာ ၇မှအဆက်

များကို ပြည့်စုံထိုက်တန်စွာ တည်ဆောက်ထားနိုင်ရန် လိုအပ်သည်ဟု ခံယူထားပါကြောင်း။

ယုံကြည်ထား

မိမိတို့မျှော်မှန်းသည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရန်အတွက်လည်း နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကိုအခြေခံသည့် စည်းလုံးညီညွတ်မှုစွမ်းအား၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုစွမ်းအား၊ အရည်အသွေးပြည့်ဝမြင့်မားပြီး တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ရှင်သန်သည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားတို့ဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

ကိုယ့်ခွန်ကိုယ့်အား

ထို့ကြောင့် အမျိုးသားစီးပွားရေး နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအလိုက် နှစ်တိုနှစ်ရှည်စီမံကိန်းများကို စနစ်တကျပေါင်းစည်းချိတ်ဆက်ပြီး မိမိနိုင်ငံကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ဖန်တီးနေခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကြီးကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ရာတွင် တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ ရရှိဖြစ်ထွန်းနေသည်ကိုလည်း တိကျခိုင်မာသည့် ကိန်းဂဏန်းများအရရော မငြင်းကွယ်နိုင်သည့် ကိုယ်တွေ့မျက်မြင် ဖြစ်ထွန်းမှုများအရပါ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပါကြောင်း။

စတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် နိုင်ငံတော်၏ စီးပွားရေးကို ယခင်ကာလများနည်းတူ တိုးတက်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

အသစ်တည်ဆောက်ပေးနိုင်

မျက်မြင်တွေ့ရှိနိုင်သည့် အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၈၆ခု၊ ပေ၁၈၀အထက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများ ၂၁၅စင်း၊ လမ်းမကြီးများ မိုင်၅၃၀၀ကျော် အသစ်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေနှင့် ၁၉၈၈ခုနှစ်တွင် ဆေးရုံပေါင်း ၆၃၁ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၃၀၀ကျော်၊ ဆရာဝန် ၁၁၀၀၀ကျော်သာရှိခဲ့ရာက ယခုအချိန်အခါတွင် ဆေးရုံပေါင်း၈၂၆ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၆ခု၊ ဆရာဝန်ပေါင်း ၁၇၅၆၄ဦးရှိလာခဲ့ပြီ ဖြစ်ပါကြောင်း။

ထူထောင်ပေးနိုင်ခဲ့

ထို့အပြင် ခုတင် (၁၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများ၊ နိုင်ငံတကာအဆင့်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့်ခွဲစိတ်ကုသရေးပစ္စည်းကိရိယာများဖြည့်တင်းပေးမှု စသည့် အရည်အသွေးမြှင့်တင်ရေး အစီအမံများကိုလည်း ထိထိရောက်ရောက် ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ပြည်နယ်/တိုင်းများတွင် ဖြန့်ကြက်တည်ရှိနေသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုမှာ အနိမ့်ဆုံးအားဖြင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံစီ ထူထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကြောင်း၊ နယ်စပ်ဒေသများအနေနှင့် ယခင်ခေတ်ကာလက နယ်မြေဒေသမအေးချမ်းခဲ့ခြင်းကြောင့် စာသင်ကျောင်းများ ထူထောင်ပေးနိုင်ခြင်းမရှိခဲ့ရာက ယခုဆိုလျှင် မူလတန်းကျောင်း ၈၅ကျောင်း၊ အလယ်တန်းကျောင်း၉၀၊ အထက်တန်းကျောင်း ၉၂ကျောင်း စုစုပေါင်း ၂၆၇ကျောင်း ထူထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ

အဆင့်မြင့်ပညာကဏ္ဍအနေနှင့် ယခင်က တက္ကသိုလ်ကောလိပ် ၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်ကောလိပ် ၁၅၆ခုအထိ ဖြစ်ထွန်းလာခဲ့သလို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့လို အဆင့်မြင့်နည်းပညာဆိုင်ရာကဏ္ဍများအလိုက် အထူးပြုတက္ကသိုလ်များ ဖွင့်လှစ်ထူထောင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ကျီးလန့်စာစား

မဝေးလှသေးသည့် အတိတ်ကာလကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် တစ်ချိန်က ကရင်ပြည်နယ်ကြီးသည် လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံ မငြိမ်းချမ်းသည့်ဘဝမှာ ကျီးလန့်စာစားနေခဲ့ကြသည်များ၊ အသက်အိုးအိမ်စည်းစိမ် လက်လွတ်ဆုံးရှုံးခဲ့ရသည်များ၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစည်းခံခဲ့ရသည်များ၊ ဆင်းရဲဒုက္ခအဖုံဖုံ ခံစားခဲ့ရသည်များစသည့် အနိဋ္ဌာရုံ မြင်ကွင်းများသာ ပြည့်နှက်နေခဲ့သည်ဆိုတာ ဒေသခံ ပြည်သူများ အသိဆုံးပင် ဖြစ်ပါကြောင်း။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစိုးရကွန်ပျူတာ ကောလိပ်(ဘားအံ) ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)



အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာစေရန်အတွက် ကာလတိုငါးနှစ် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်၏ စီးပွားရေးသည် နှစ်စဉ်တိုးတက်မှုများရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် တတိယကာလတို ငါးနှစ်စီမံကိန်းမှာ ၁၂ဒသမ၈ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်ကိုယူပြီး ၂၀၀၆-၂၀၀၇ခုနှစ်က စတင်သည့်

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေနှင့် ကြည့်မည်ဆိုလျှင် အခြေခံပညာကဏ္ဍတွင် ၁၉၈၈ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ကျောင်းသာရှိခဲ့ပြီး ကျောင်းသူကျောင်းသား ငါးသန်းကျော်သာရှိရာက ယခုဆိုလျှင် ၄၀၅၂၅ကျောင်းအထိရှိလာခဲ့ပြီး ကျောင်းသူကျောင်းသား ခုနစ်သန်းကျော်တက်ရောက်နေပြီဖြစ်ပါ

အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစည်းခံခဲ့ရ

မဝေးလှသေးသည့်အတိတ်ကာလကိုပြန်ပြောင်းကြည့်မည်ဆိုလျှင် တစ်ချိန်က ကရင်ပြည်နယ်ကြီးသည် လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံ မငြိမ်းချမ်းသည့်ဘဝမှာ ကျီးလန့်စာစား နေခဲ့ကြရသည်များ၊ အသက်အိုးအိမ်စည်းစိမ် လက်လွတ်ဆုံးရှုံးခဲ့ရသည်များ၊ တရား ဥပဒေစိုးမိုးမှု ကင်းမဲ့ပြီး အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစည်းခံခဲ့ရသည်များ၊ ဆင်းရဲဒုက္ခအဖုံဖုံ ခံစားခဲ့ရသည်များစသည့် အနိဋ္ဌာရုံ မြင်ကွင်းများသာ ပြည့်နှက် နေခဲ့သည်ဆိုတာ ဒေသခံပြည်သူများ အသိဆုံးပင်ဖြစ်။

မေ့နိုင်ဖွယ်မရှိ

အစွန်အဖျားကျသည့် ကျေးရွာဒေသတွေမှာဆိုလျှင် စာသင်ကျောင်းတွေလည်း ပျက်စီး၊ ဆူပူသောင်းကျန်းမှုများ၏ကြားမှာ ဒေသခံပြည်သူတွေ ပြေးလွှားပုန်းအောင်းနေခဲ့ရခြင်းကြောင့် တိုင်းရင်းသား ကလေးငယ်များသည်လည်း ကျောင်းတက်စာသင်နိုင်သည့် အခြေအနေမရှိတော့ဘဲ နိုင်ငံတော်အစိုးရက ထူထောင်ပေးထားသည့် ပညာရေးစနစ်တစ်ခုလုံး လုံးဝပျောက်ကွယ်ခဲ့ရသည့် အခြေရောက်ခဲ့ရပါကြောင်း၊ မြို့ပေါ်မှာရှိသည့် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းအချို့ဆိုလျှင်လည်း ကျောင်းမည်ကာမတ္တသာရှိတော့ပြီး ကရင်ပြည်နယ်ကြီး တစ်ခွင်လုံး၌ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းတွေ လျော့ပါးဆုံးရှုံးခဲ့ခြင်းများသည် အားလုံးမေ့နိုင်ဖွယ်မရှိသည့် ဖြစ်ရပ်ဆိုးများ ဖြစ်ပါကြောင်း။

လက်လှမ်းတမီ

ယနေ့အခြေအနေတွင် ကရင်ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု တဖြည်းဖြည်း ရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေနှင့် စာသင်ကျောင်းများ တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယခုဆိုလျှင် ကရင်ပြည်နယ်၏ ကျေးရွာအားလုံးနီးပါးတွင် မူလတန်းကျောင်းများရှိလာခဲ့ပြီး တိုင်းရင်းသား ရင်သွေးငယ်များအတွက် ပညာရေး၌ လက်လှမ်းတမီရှိသည့် အခြေအနေကောင်းကို ပြန်လည်ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ကရင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၁၅၄ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ကျောင်း၊ အလယ်တန်းကျောင်း ၇၇ ကျောင်းနှင့် အထက်တန်းကျောင်း ၃၅ကျောင်း စုစုပေါင်း စာသင်ကျောင်းပေါင်း ၁၂၈၈ကျောင်း ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် အခြေအနေပေးလျှင် ပေးသလို အစွန်အဖျားကျေးရွာများအထိ အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်သမျှ ဖွင့်လှစ်ပေးရန် နိုင်ငံတော်အစိုးရက အဆင်သင့်ပြင်ဆင်ထားပြီးလည်း ဖြစ်ပါကြောင်း။

ဖြူစင်သည့်စေတနာ

ယနေ့ဆိုလျှင် ကရင်ပြည်နယ်အတွင်း၌ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သာမကနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ပညာရေးကောလိပ်တို့ကိုပါ ထူထောင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ် ဘားအံမြို့သည် မော်လမြိုင်မြို့နှင့် မိုင် ၃၀ခန့်သာ ကွာဝေးပြီး ယခုအချိန်အခါတွင် အချိန်တိုအတွင်း လွယ်လင့်တကူသွားလာနိုင်သည့် အခြေအနေ ရောက်ရှိနေပြီ ဖြစ်သော်လည်း ကရင်ပြည်နယ်က တိုင်းရင်းသား လူငယ်များကို မိမိတို့ဒေသအတွင်းမှာပဲ အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ဂုဏ်သိက္ခာရှိရှိ ဣန္ဒြေရရ သင်ကြားခွင့်ရရှိစေလိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်သည့်စေတနာကြောင့်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ပင်မ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ တက္ကသိုလ်နှင့်ကောလိပ်များ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်ကို ဒေသခံပြည်သူများ သိရှိနားလည်စေချင်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ စေတနာအကျိုးရလဒ်ကောင်းများကြောင့် ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာသင်ကြားနိုင်သည့်အခွင့်အလမ်းများ တိုးပွားပေါ်ထွန်းလာသည်နှင့်အမျှ ၁၉၈၈ခုနှစ် ဘားအံကောလိပ်ဘဝက ဘွဲ့ကြို ကျောင်းသား၁၇၉ဦးသာ တက်ရောက်နိုင်ခဲ့သည့်အခြေအနေက ယခုဆိုလျှင် ဘားအံတက္ကသိုလ်မှာ ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ မဟာဘွဲ့အရည်အချင်းစစ်တန်း၊ မဟာဘွဲ့သင်တန်းများတွင် ကျောင်းသားကျောင်းသူ၂၀၀၀ကျော် အဆင့်မြင့်ပညာများ တက်ရောက်ဆည်းပူးနေပြီဖြစ်ပါကြောင်း။

အလားတူ ဘားအံအစိုးရနည်းပညာကောလိပ်တွင် M.E ဘွဲ့၊ B.E ဘွဲ့၊ B.Tech ဘွဲ့သင်တန်းများ၊ AGTI ဒီပလိုမာသင်တန်းများနှင့် အခြား Module သင်တန်းများ၌ ကျောင်းသူကျောင်းသား၅၃၀ခန့်၊ ဘားအံ အစိုးရကွန်ပျူတာကောလိပ်မှာ မဟာဘွဲ့သင်တန်း၊ ဂုဏ်ထူးတန်း သင်တန်းများ အပါအဝင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများမှာ ကျောင်းသူကျောင်းသား ၄၃၀ခန့် တက်ရောက် ပညာသင်ကြားနိုင်နေပြီဖြစ်ပါကြောင်း။

ဖြစ်ထွန်းလာခဲ့ပြီဖြစ်သလို အိမ်ခြေ၁၆၀၀ကျော်ရှိပြီး လူဦးရေ၅၀၀၀၀ကျော် မှီတင်းနေထိုင်သည့် မြို့ကြီးတစ်ခုအဖြစ် အဆင့်အတန်းမီမီ ဖြစ်လာခဲ့ပြီ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပြည်နယ်ကြီးတစ်ခုလုံး ထူးထူးခြားခြား တိုးတက်ပြောင်းလဲနေသလို ကရင်ပြည်နယ်ကြီးတစ်ခွင်လုံးနီးပါး အေးချမ်းသာယာနေပြီဖြစ်တာလည်း ဒေသခံပြည်သူများကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ပါကြောင်း။

မဟုတ်မမှန် လုပ်ကြံဖန်တီး

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုထားသည့် အဆိုးမြင်ဝါဒီများသည် ထိုတိုးတက်ဖြစ်ထွန်းမှုများကို မနာလိုမရှုဆိတ်ဖြစ်ပြီး ကရင်ပြည်နယ်ကြီး ဆုတ်ယုတ်ပျက်စီးနေကြောင်း၊ ကရင်တိုင်းရင်းသားများ အိုးပစ်၊ အိမ်ပစ်ထွက်ပြေးနေရကြောင်း၊ လူမျိုးတုံးသတ်ဖြတ်ခံနေရကြောင်း၊ တိုင်းရင်းသူများကို မတရားပြုကျင့်ကြောင်း၊ လူကုန်ကူးခံနေရကြောင်း၊ အကြမ်းဖက်ခံနေရကြောင်းစသည့် မဟုတ်မမှန်လုပ်ကြံဖန်တီးမှုအဖုံဖုံကို နိုင်ငံတကာက အထင်အမြင်မှားအောင် စွပ်စွဲပြောဆိုလျက် ရှိနေကြဆဲပင်ဖြစ်ပါကြောင်း။

ဟန့်တားနှောင့်နှေး

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာပြီး သူ့ဒေသအလိုက် သူ့စွမ်းအားရှိသလောက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါတွင် ကရင်ပြည်နယ်အနေဖြင့် တည်ငြိမ်အေးချမ်းမှုအပြည့်အဝ မရရှိနိုင်သေးသည့် အခြေအနေကြောင့် ပြည်နယ်၏ဖွံ့ဖြိုးနိုင်မှုစွမ်းအားကို ဟန့်တားနှောင့်နှေးစေသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့နေရပါကြောင်း။

နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းမှုဒဏ်သည် ကရင်ပြည်နယ်နှင့်တကွ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးကို မလုံခြုံ မငြိမ်းချမ်းမှု၊ အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးရမှု၊ အေးချမ်းစွာ ပရိယေသနဝမ်းစာ ရှာဖွေ မစားသောက်နိုင်မှု၊ စွမ်းအားရှိသလောက် မဖွံ့ဖြိုးနိုင်မှု စသည့် အနိဋ္ဌာရုံဝဲသြဃထဲက ရုန်းမထွက်နိုင်အောင် ချိုးနှိမ်ထားဆဲပဲ ရှိနေပါကြောင်း။

လက်နက်ကိုင်သောင်းကျန်းမှုဒဏ်က ကရင်ပြည်နယ်နှင့်တကွ ကရင်ပြည်နယ်အတွင်းရှိတိုင်းရင်းသားပြည်သူများအား အေးချမ်းစွာရှာဖွေမစားသောက်နိုင်မှုနှင့် မဖွံ့ဖြိုးနိုင်မှု အနိဋ္ဌာရုံဝဲသြဃထဲမှ ရုန်းမထွက်နိုင်အောင်ချိုးနှိမ်ထားဆဲဖြစ်

စဉ်ဆက်မပြတ်ပေါ်ထွန်း

ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဘွဲ့၊ ဒီဂရီရရှိသည့်ကျောင်းသူကျောင်းသားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာနေပြီး ပြည်နယ်၏လူ့စွမ်းအားအရင်းအမြစ်များကို မှန်မှန်ချည်းဖွံ့ဖြိုးတိုးတက်နေစေသည့်အခြေအနေကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ပါကြောင်း။

၂၀၀၂ခုနှစ်မှ၂၀၀၆ခုနှစ်အတွင်း ဘားအံတက္ကသိုလ်က မဟာဘွဲ့ရ ၆၈ဦး၊ ဂုဏ်ထူးဘွဲ့ရ ၁၈ဦးအပါအဝင် ဘွဲ့၊ ဒီဂရီရရှိသူ၁၂၀၀ခန့်၊ ဘားအံအစိုးရနည်းပညာကောလိပ်မှာ B.E ဘွဲ့၊ B. Tech ဘွဲ့အပါအဝင် ဘွဲ့နှင့်ဒီပလိုမာရရှိသူ ၈၇၈ဦး၊ ဘားအံအစိုးရကွန်ပျူတာကောလိပ်က B.C.Sc (ဂုဏ်ထူးတန်း)နှင့် B.C.Tech(ဂုဏ်ထူး)ဘွဲ့အပါအဝင် ဘွဲ့နှင့်ဒီပလိုမာရရှိသူ ၇၅၄ဦးမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကရင်ပြည်နယ်အတွင်း အဆင့်မြင့်ပညာတတ်ကျွမ်းသူများ တိုးပွားဖြစ်ထွန်းလာနေခြင်းသည် မိမိဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့်ခေတ်ပညာတတ်များကို ပြည်ထောင်စုကြီး၏နယ်မြေဒေသတိုင်းမှာ ပညာရပ်ဆိုင်ရာနယ်ပယ်ကဏ္ဍစုံကနေ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားမှန်ကန်သည့် လမ်းညွှန်မှုနှင့် ဖြူစင်သည့်စေတနာများ၏အကျိုးရလဒ်ကောင်းများလည်း ဖြစ်ပါသည်ဟု ပြောကြားလိုပါကြောင်း။

ထူးထူးခြားခြားတိုးတက်ဖြစ်ထွန်း

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း ကရင်ပြည်နယ်အတွင်း သံလွင်တံတား(ဘားအံ)၊ ဂျိုင်းမြစ်ကူး(ဇာသပြင်)တံတား၊ ဂျိုင်းမြစ်ကူး (ကော့ကရိတ်) တံတားတို့အပါအဝင် မြစ်ကူးတံတားကြီးငါးစင်းရှိလာခဲ့သည့် အပြင် တစ်ဆက်တစ်စပ်တည်းတွင် မွန်ပြည်နယ်အတွင်း အတ္တရံမြစ်ကူးတံတားနှင့် သံလွင်တံတား (မော်လမြိုင်)တို့ပါ တည်ဆောက်ပေးခဲ့သည့်အတွက် ဘားအံ-မော်လမြိုင်၊ မြဝတီ-ကော့ကရိတ်-ဘားအံ-မော်လမြိုင်တို့ တိုးလျှိုပေါက် လမ်းပေါက်သွားသည့် အခြေအနေအထိ ထူးထူးခြားခြားတိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း၊ ယခုလို လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကရင်ပြည်နယ်သည် ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး စီးပွားရေး၊ လူမှုရေးတိုးတက်မြင့်မားမှုများပါ ဆက်စပ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့မိမိတို့ရောက်ရှိနေသည့် ဘားအံမြို့ကိုကြည့်လျှင်လည်း တစ်ချိန်တုန်းကဆိုလျှင် အိမ်ခြေ၆၀၀ကျော်ခန့်သာရှိခဲ့သည့် အခြေအနေကနေ ယခုဆိုလျှင် တက္ကသိုလ်၊ ကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး၊ ခေတ်မီတိုက်တာအိမ်ခြေ၊ ဈေး၊ ပန်းခြံစသည့် မြို့ပြအင်္ဂါရပ်များပြည့်စုံသည့် ဘားအံမြို့ကြီးအဖြစ်

လက်တွေ့မြင်တွေ့နေရသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ တိုးတက်ဖြစ်ထွန်းမှု အခြေအနေကောင်းများကို ကြည့်လျှင် လုပ်ကြံဖန်တီးစွပ်စွဲမှုများ၏ ယုတ်ညံ့သည့်ရည်ရွယ်ချက်နှင့် ဆိုးညစ်သည့်စေတနာကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

အမှန်တကယ်အားဖြင့် ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာနှင့် အခွင့်အလမ်းများ စွမ်းအားရှိသလောက် အစွမ်းကုန်ဆောင်ရွက်မပေးနိုင်သေးသည့် အခြေအနေများသည် တိုင်းရင်းသားညီအစ်ကိုများအကြား လူမျိုးရေး မုန်းတီးမှုများ၊ အာဃာတများဖြစ်လာအောင် လှုံ့ဆော်သွေးထိုးရင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကြောင့်ပဲဆိုတာ ပေါ်လွင်နေပြီဖြစ်ပါကြောင်း။

ပကတိအခြေအနေမှန်

လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်း အကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူခွဲခြားနိုင်စွမ်း မရှိတော့ဘဲ အနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရပြီ ဆိုသည့် မိမိတို့၏ ပကတိ အခြေအနေမှန်ကို နားလည်သိရှိသင့်သည့် အချိန်အခါ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း ငြိမ်းချမ်းသည့်နိုင်ငံရေးစနစ်၏ ဘောင်အတွင်း ရောက်ရှိပြီး ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာသည့် ပန်းတိုင်ကို မဆုတ်မနစ် လျှောက်လှမ်းနေပြီဖြစ်သည့် အခြားသော နယ်စပ်ဒေသများ၏ အားကျဖွယ် အခြေအနေများကို လက်တွေ့ကျကျ သုံးသပ်နိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တည်ငြိမ်အေးချမ်းမှုမရှိအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေ

ကရင်ပြည်နယ်ကြီး၏ ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာနှင့် အခွင့်အလမ်းများ စွမ်းအားရှိသလောက် အစွမ်းကုန်ဆောင်ရွက်မပေးနိုင်သေးသည့် အခြေအနေများသည် တိုင်းရင်းသားညီအစ်ကိုများအကြား လူမျိုးရေး မုန်းတီးမှုများ၊ အာဃာတများဖြစ်လာအောင် လှုံ့ဆော်သွေးထိုးရင်း နယ်မြေဒေသ တည်ငြိမ် အေးချမ်းမှုမရှိအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီး နေကြသည့်ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကြောင့်ဆိုတာ ပေါ်လွင်နေ။

၂၀၀၆ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာ့သမိုင်းနှင့် ထက်ကြပ်ပါလာသော မြန်မာအမျိုးသမီးများ

မြန်မာနိုင်ငံသည် ဘာသာရေးလွတ်လပ်ခွင့်ရှိပြီး ဘာသာတရားမျိုးစုံကို ကိုးကွယ်ကြသူများ အတူတကွ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၌ အမျိုးသား အမျိုးသမီးအားလုံး တန်းတူညီမျှ ရရှိကြသော လွတ်လပ်စွာ ကိုးကွယ်ခွင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးတစ်ရာကျော် အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားလူမျိုးအားလုံးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ စရိုက်လက္ခဏာများ ကိုယ်စီရှိကြသည်။ ယဉ်ကျေးမှုအစဉ်အလာကို လူမျိုး၊ အသားအရောင်၊ အဆင့်အတန်း မခွဲခြားဘဲ တန်းတူထိန်းသိမ်းခွင့်၊ ခံယူကျင့်သုံးခွင့်၊ တိုးတက်မြှင့်တင်ခွင့် ရကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၌ အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ အသားအရောင် ခွဲခြားဆက်ဆံမှုကင်းစင်၍ လွတ်လပ်သော ယဉ်ကျေးမှုဘဝ ပိုင်ဆိုင်ခွင့်ပင် ဖြစ်ပေသည်။

မြန်မာတို့သည် ဤမြန်မာ့မြေပေါ်၌ စတင်ပေါက်ဖွားကြသော မြန်မာနိုင်ငံသား၊ မြန်မာဇာတိဖွားများ ဖြစ်ကြသည်။ တကောင်းမှစတင်တွက်ကြည့်လျှင်ပင် မြန်မာ့မြေ၌ ထီးနှင့်နန်းနှင့်၊ ကြငှန်းနှင့် နေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း၂၅၀၀ ကျော်ပြီကို သိနိုင်၏။ တောင်ကြီးခရိုင်ရွှေညောင်မြို့နယ် ပြဒါးလင်းဂူစုမှ တွေ့ရှိရသော၊ ထို့ပြင် ဧရာဝတီမြစ်ရိုးတစ်လျှောက် တွေ့ရှိရသော ကျောက်ခေတ်သုံးပစ္စည်း၊ လက်နက်၊ နံရံဆေးရေးပန်းချီ အထောက်အထားများအရ မြန်မာ့မြေ၌ မြန်မာကျောက်ခေတ်လူသားများ ပေါက်ဖွားနေထိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ဤသို့ဆိုသော် မြန်မာတို့သည် မြန်မာ့မြေ၌ လွန်ခဲ့သောနှစ်ပေါင်းသန်းချီ ကာလကတည်းက ရှိနေခဲ့ပြီဟု ဆိုနိုင်၏။ ထပ်မံ သုတေသနပြုချက်အရ တွေ့ရှိရသည့် ပုံတောင်ပုံညာဒေသ ကျောက်ဖြစ်ရုပ်ကြွင်း၊ လူတူပရိုင်းမိတ် သက်သေခံပစ္စည်းများအရ ကမ္ဘာ့လူသားအစ မြန်မာက၊ မြန်မာအစ ပုံတောင်ပုံညာဒေသကဟု ဂုဏ်ယူဝင့်ကြွားနိုင်ပါသည်။ ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းများကို နိုင်ငံတကာပညာရှင်များ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်အရ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း၄၀ရှိပြီဟု သိရသည်။

မြန်မာဟူသည် မြန်မာ့မြေ၌ ရှေးပဝေသဏီကပင် ပေါက်ဖွားနေထိုင်ခဲ့သော မူလပကတိလူမျိုးဖြစ်သည်။ ပြင်ပမှ လာရောက်အခြေစိုက် နယ်ပယ်ချဲ့ထွင်လာသူများဖြင့် တည်ထောင်သော နိုင်ငံမဟုတ်။ ဤမြေ၌ စာပေ၊ဂီတ၊သဘင်၊ပန်းချီ၊ ပန်းပုစသည့် ပန်း၁၀မျိုးအနုပညာရပ်များ၊ ဗိသုကာပညာရပ်များ ထွန်းကားခဲ့သည်မှာလည်း ရာစုနှစ်နှင့်သာမက ထောင်စုနှစ်နှင့်ချီခဲ့ပြီဖြစ်သည်။ ဤမြေ၌ သစ်တောသယံဇာတ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတမျိုးစုံကြွယ်ဝသည်။ စပါးကောက်နှံပေါလှပြီး ပတ္တမြား ကျောက်သံတောထနေသည်။ ဥတုရာသီ ရေအရင်းအမြစ်၊ မြေသြဇာ မြေဆီမြေနှစ်ကောင်းလှသည်။ ဘုရားပေးသော ရေ၊ မြေ၊ ရတနာများဖြစ်သည်။ ဤသည်မှာ မြန်မာတို့၏ ဇာတိပုည ဂုဏ်မာနတက်စရာများပင် ဖြစ်သည်။ ဤနိုင်ငံတွင် မြန်မာအမျိုးသမီးဖြစ်လာရသည်မှာ ကံထူးလှပေသည်။

မြန်မာအမျိုးသမီးများသည် ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအခွင့်အရေးများ အစဉ်အလာအရ သမိုင်းပေးအမွေအဖြစ် ရရှိခံစားနိုင်ခဲ့ကြသည်။ ၂၀ရာစု ပထမတစ်ဝက်ခန့်ကပင် အမျိုးသမီးများ မဲဆန္ဒပေးခွင့်၊ အရွေးခံခွင့်အပါအဝင် နိုင်ငံရေးအခွင့်အလမ်း (ဝါ) နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိခဲ့သည်။ ဘာသာရေး၌လည်း လွတ်လပ်စွာ ကိုးကွယ်နိုင်ကြသည်။

အလုပ်အကိုင်၊ စီးပွားကုန်သွယ် အခွင့်အလမ်းများ တန်းတူရကြသည်။ လယ်ယာခွင်၊ စက်ရုံအလုပ်ရုံ၊ ရုံးလုပ်ငန်း၊ ကာကွယ်ရေးနယ်ပယ် (တပ်မတော်၊ ရဲတပ်ဖွဲ့ စသည်တို့)၊ သာသနာ့ဝန်ဆောင်နယ်ပယ်တို့၌ အမျိုးသမီးများ ပါဝင်နေသည်ကို တွေ့နိုင်ကြပေသည်။

မေအိမ့်ဒါလီ

နိုင်ငံအချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝလုံးလုံး ကျရောက်ခဲ့စဉ်က သူ့ကျွန်မခံခုခံတွန်းလှန်သော စစ်ပွဲများ၊ YMBA, GCBA၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ စသည့်လွတ်လပ်ရေးကြိုးပမ်းသည့်အဖွဲ့အစည်းများ၊ ကျွန်ပညာရေးတိုက်ပွဲ၊ ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲစုံ၌ မြန်မာအမျိုးသမီးတို့ ပါဝင်ကြိုးပမ်းမှုများ သမိုင်းပြောင်ခဲ့သည်။ လွတ်လပ်ရေးအောင်ပန်း ဆွတ်ခူးရာ၌ အမျိုးသမီးတို့၏ အခန်းကဏ္ဍကြီးမားကျယ်ပြန့်စွာ ပါဝင်ခဲ့သည်။

လွတ်လပ်ရေး ထာဝရအစွန့်ရှည်အောင်၊ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ရာ၌ မြန်မာအမျိုးသမီးတို့သည် စုစည်းညီညာ တက်ကြွထက်မြက်စွာ ပါဝင်လျက်ရှိသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ၌ အမျိုးသမီးအလွှာစုံ၊ အရွယ်စုံ ပါဝင်လျက်ရှိသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ဒီမိုကရေစီ လမ်းပြမြေပုံခေါ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ရာနှုန်းပြည့်ထမြောက်အောင်မြင်စေရန် မြန်မာအမျိုးသမီးတို့ စုစုစည်းစည်း ပါဝင်လျက်ရှိပေသည်။

မြန်မာအမျိုးသမီးထုကြီး စုစည်းညီညာပြည်သာဖွံ့ဖြိုးရာ၌ ပါဝင်စေရန် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

၂။ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

၃။ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

၄။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

၅။ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၆။ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျှော့နည်း ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်ရန်၊

၇။ အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

အမျိုးသမီးထု၏ အင်အား၊ စွမ်းအား၊ စွမ်းရည်တို့ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံ၏ စီးပွားရေးကိုမြှင့်တင်ကာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ အရောက်တက်လှမ်းလျက် ရှိနေပေသည်။ ပျော့လျှင် ဖယောင်း၊ မာလျှင်သံချောင်းဟူသော စကားပုံကဲ့သို့ အမျိုးသမီးတို့၏ သဘာဝနုနယ်ကြော့ရှင်း ဖော့ယမင်းသို့ အလုကြွယ်သော်လည်း နိုင်ငံကိုကာကွယ်ရာ၌ နိုင်ငံတိုးတက်စေရန် ကာယဉာဏ အင်အားထုတ်၍ လုပ်ကိုင်ရာ၌ ကြံ့ခိုင်ကြပေသည်။

ပုခက်လွှဲသောလက်များ၊ စာရေးသောလက်များ၊ လယ်စိုက်ကောက်ရိတ်သောလက်များ၊ စက်မှုလက်မှုနယ်ပယ်မှ ကုန်ထုတ်သောလက်များ၊ လက်ပေါင်းစုံယှက်နေသော လှည်းပုံတောင်းပမာဖြစ်ရသည်။

မြန်မာအမျိုးသမီးတို့၏ အလှဂုဏ်ရည်၊ ဘဝဂုဏ်ရည်၊ ပညာဂုဏ်ရည်၊ စွမ်းအားဂုဏ်ရည်တို့တွင် အမျိုးသားရေးဂုဏ်ရည် တင့်သည်ထက်တင့်နေရပေသည်။ အမျိုးသားရေးဂုဏ်ရည်ဟူသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဇာတိမာန်တို့ ပေါင်းစပ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုစိတ်ဓာတ် စွမ်းရည်ပင်ဖြစ်ပေသည်။

ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် ပြည်ထောင်စုသားများ ဘဝမြှင့်တင်ရေး၊ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းနေစေရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးသာယာဝပြောရေးတို့ကို လက်ချင်းယှက်၍ စုစည်းညီညာသယ်ပိုးကာဖြင့် ပြည်ထောင်စု၏ သမီးကောင်းများအဖြစ် အစဉ်ရပ်တည်သွားနိုင်ကြပါစေဟု ဆုတောင်းရင်း မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

မြန်မာအမျိုးသမီးတို့၏ အလှဂုဏ်ရည်၊ ဘဝဂုဏ်ရည်၊ ပညာဂုဏ်ရည်၊ စွမ်းအားဂုဏ်ရည်တို့တွင် အမျိုးသားရေးဂုဏ်ရည် တင့်သည်ထက်တင့်နေရပေသည်။ အမျိုးသားရေး ဂုဏ်ရည်ဟူသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဇာတိမာန်တို့ ပေါင်းစပ် ဖွဲ့စည်းအပ်သော ပြည်ထောင်စု စိတ်ဓာတ်စွမ်းရည်ပင်ဖြစ်။

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူဘောင် ဖွံ့ဖြိုးအောင်

စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

စာမျက်နှာ ၉ မှ

နိုင်ငံတကာကိုကြည့်လျှင်လည်း လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေးအကြောင်းအမျိုးမျိုးပြပြီး မြောက်ပင့်သွေးထိုးမှု၊ သွေးခွဲသပ်လျှိုမှု ဘေးပယောဂများကြောင့် မိမိတို့လူမျိုးအချင်းချင်း အပြန်အလှန်ဆန့်ကျင်သတ်ဖြတ်နေကြသည်များ၊ အကြမ်းဖက် ဖြေရှင်းနေကြသည်များ၊ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးရသည်များစသည့် အနိဋ္ဌာရုံမြင်ကွင်းများသည် မိမိတို့အတွက် သင်ခန်းစာယူဖွယ်ရာ သာဓကများပင်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးတံခါး

ထို့ကြောင့်နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးကို လက်နက်ကိုင်ဆန့်ကျင်မှု ဝဲဂယက်က အစဉ်ထာဝရ လွတ်မြောက်နိုင်စေရန် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုသာ ရည်မျှော်ပြီး ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲပင်ဖြစ်ပါကြောင်း။

သို့သော်လည်း နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အုပ်စုများသည် ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရအပေါ် စွပ်စွဲမှုများ၊ နိုင်ငံရေး

လုပ်ကြံဖန်တီးမှုများ ဆက်တိုက်ပြုလုပ်နေဆဲဖြစ်သလို နိုင်ငံတော်ကို မတည်မငြိမ်ဖြစ်အောင် အကြမ်းဖက် လုပ်ရပ်များကို ပြုလုပ်နေဆဲပဲဖြစ်တာကတော့ မိမိနိုင်ငံ၏ မျက်နှာ၊ မိမိလူမျိုး၏မျက်နှာကို မျက်ကွယ်ပြုရာ ရောက်နေပြီဟု ပြောကြားလိုပါကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ကရင်ပြည်နယ်အတွင်းတွင် ရှိကြသည့် တိုင်းရင်းသား ပြည်သူများကလည်း ကရင်ပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီး တစ်ရပ်လုံးကို အေးချမ်းသာယာအောင်၊ စည်းလုံးညီညွတ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေးတံတားခင်းပြီး အစဉ်တစိုက် လျှောက်လှမ်းလာခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာမှန်သော၊ ဖြောင့်မတ်သော ဦးဆောင်ကြိုးပမ်းမှုများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ပြီး မိမိတို့ ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာဝပြော ဖွံ့ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ ဘားအံအစိုးရကွန်ပျူတာကောလိပ်အပါအဝင် ကရင်ပြည်နယ်အတွင်း ဖြစ်ထွန်းနေသည့် ပညာရေးအခြေခံကောင်းများမှသည် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ရင်း မိမိတို့ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းပြီး အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်စေရအောင် မဆုတ်မနစ်ကြိုးစားဆောင်ရွက်ကြပါ၊ စည်းလုံးညီညွတ်သည့်အားကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မဖြစ်မနေကြိုးပမ်းပါဝင် တည်ဆောက်ကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းက ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်ကောလိပ်များ၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ၁၉၉၈ခုနှစ်အစပိုင်းအထိ ကရင်ပြည်နယ်တွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းများမရှိခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်စက်တင်ဘာလမှာ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ကို စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းကောလိပ်သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ပေါင်းစည်းဆက်နွှယ်ထားပြီး ကရင်ပြည်နယ်မှ ကွန်ပျူတာအသိပညာရှင်များ၊ အတတ်ပညာရှင်များပေါ်ထွက်လာစေရေး၊ ထွက်ပေါ်လာသည့်ပညာရှင်များကလည်း ပြည်နယ်တိုးတက်ရေးအတွက် ပြန်လည်ပံ့ပိုးရေးဆိုသည့် ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ၁၉၉၃ခုနှစ် စက်တင်ဘာလတွင် စက်မှုလက်မှုအထက်တန်းကျောင်း (THS)ကိုလည်းကောင်း၊ ၁၉၉၈ခုနှစ် ဩဂုတ်လတွင် စက်မှုလက်မှုသိပ္ပံ(GTI)ကိုလည်းကောင်း၊ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလတွင် အစိုးရနည်းပညာကောလိပ်(GTC)ကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

နည်းပညာသင်ကြားရေးနှင့် ပတ်သက်၍ ၁၉၈၈ခုနှစ်တွင် တက္ကသိုလ်နှစ်ခု၊ သိပ္ပံ ၁၀ခု စုစုပေါင်း ၁၂ခုသာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ် ခုနစ်ခု၊ ကောလိပ် ၅၀နှင့် သိပ္ပံ ၁၁ခု စုစုပေါင်း နည်းပညာနှင့် ကွန်ပျူတာကျောင်းပေါင်း ၆၈ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်တွင် ကျောင်းသားအရေအတွက်သည် ၄၀၀၀ခန့်သာရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ၇၀၀၀၀ကျော် တက်ရောက်ပညာဆည်းပူးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝသော ပါရဂူဘွဲ့ရများ၊ မဟာဘွဲ့များဖြစ်ကြကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)မှ ကျောင်းသူ၊ ကျောင်းသားများကိုယ်စား ဘွဲ့လွန်သင်တန်းကျောင်းသူ မအိမွန်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ) ပင်မဆောင်သစ် ပထမထပ်ရှိ ကွန်ပျူတာခန်း၊ e-Library၊ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများပြခန်း၊ ကွန်ပျူတာတပ်ဆင်ထိန်းသိမ်းရေးခန်းများနှင့် စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခုဖွင့်လှစ်လိုက်သော အစိုးရ ကွန်ပျူတာကောလိပ်(ဘားအံ)ပင်မအဆောက်အအုံသည် အလျား ၄၉၁ပေ၊ အနံ ၂၃၈ပေရှိပြီး စာသင်ခန်းပေါင်း ၃၅ခန်း ပါဝင်ကာ ကျောင်းသားဦးရေ ၃၀၀၀ခန့် ပညာသင်ကြားနိုင်သည့် သုံးထပ်အဆောက်အအုံ ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ အထူး လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဇွန် ၉ရက် ညနေပိုင်းက ဘားအံမြို့ရှိ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံမြို့နေ မိဘများဖြစ်သော ဦးသန်းမြင့်(ခ) ဦးသောင်းနှင့် ဒေါ်တင်မြတို့အား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် ရာဇသင်္ကြန် (၆)လမ်းနေ ကျန်ရစ်သူ သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းနှစ်သောင်းကို တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းမကြီးရှိ Yangon International School မှ ဆရာမကြီးနှင့် ကျောင်းသူ ကျောင်းသားများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာအုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံယူစဉ်။

(က-ပ)

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ဩဝါဒခံယူ

ရန်ကုန် ဇွန် ၁၀

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ဩဝါဒခံယူခြင်းအခမ်းအနားကို မေ ၂၉ရက်က ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမြင့်ရွှေအား သင်တန်းသား၊ သင်တန်းသူများက သင်တန်းအမျိုးအစားအလိုက် ဂါရဝပြုကြသည်။ ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများသို့ ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို ပေးအပ်ရာ သင်တန်းမှကိုယ်စားလှယ်နှစ်ဦးက လက်ခံယူပြီးနောက် ပြည်နယ်ဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ)

(ခရိုင် ပြန်/ဆက်)

ရွာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၆

International Day Against Drug Abuse and Illicit Trafficking

26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်

DRUGS ARE NOT CHILD'S PLAY

စကိုလာရီအတွက် အင်္ဂလာအသင်းက လျှော့တွက်စရာဖြစ်နေမလား

အာရှသားအီရန်နှင့် မက္ကဆီကိုတို့ပွဲစဉ် အကြိတ်အနယ်နွှဲရမည်

မက္ကဆီကိုနှင့်အီရန်

ဇွန် ၁၁ရက်**(ယနေ့)** မြန်မာစံတော်ချိန် ည၁၀နာရီခွဲတွင် နုရင်ဘတ်မြို့ရှိ Franken-Stadiomအားကစားကွင်း၌ အုပ်စု(ဃ)မှ မက္ကဆီကိုအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကွန်ကာကက်ဖ်ဒေသမှ ထိပ်တန်းအသင်းဖြစ်သော မက္ကဆီကိုအသင်းနှင့် အာရှတိုက်မှ အီရန်အသင်းတို့၏ပွဲစဉ်မှာ ဘောလုံးလောကသားများသာမက နိုင်ငံရေးလောကကပါ စိတ်ဝင်တစားစောင့်ကြည့်ကြမည်ဖြစ်သည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ကွန်ကာကက်ဖ်ဒေသမှ နာမည်ကြီး အမေရိကန်အသင်းကို အာရှသားအီရန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးသည့် အချက်ကလည်း ယခုပွဲအပေါ်ပို၍ အာရုံစိုက်စရာဖြစ်နေသည်။

မက္ကဆီကိုအသင်းသည် ကွန်ကာကက်ဖ်ဒေသ၌ အမေရိကန်အသင်းနှင့်အပြိုင်ထင်ရှားသော အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၇၀ပြည့်နှစ်နှင့် ၁၉၈၆ခုနှစ်တို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ နှစ်ကြိမ်စလုံးကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ၁၉၉၄ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ရာ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်ချည်းပင်ဖြစ်သည်။ ယခုပြိုင်ပွဲ၌လည်း အုပ်စုအနေအထားအရ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့တက်ရောက်နိုင်ရန် အလားအလာကောင်းလျက်ရှိသည်။ မက္ကဆီကိုအသင်းသည် ခြေစွမ်းတည်ငြိမ်မှုရှိပြီး နိုင်ငံတကာပြိုင်ပွဲများ၌ အဆင့်အတန်းရှိရှိ ယှဉ်ပြိုင်နိုင်ကြသည်။

ဂိုးအများဆုံးသွင်း

မက္ကဆီကိုအသင်းသည် ကွန်ကာကက်ဖ်ဇုန်ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာအမေရိကန်အသင်း၏ အောက် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ၁၀ပွဲယှဉ်ပြိုင်ကစားခဲ့ရာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး ၂၂မှတ်ရရှိခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၂၂ဂိုးသွင်းယူနိုင်ခဲ့ရာ ကွန်ကာကက်ဖ်ဇုန်မှအသင်းများထဲတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် မှတ်တမ်းဝင်ခဲ့သည်။ ကမ္ဘာ့ဖလား အကြို နောက်ဆုံးခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ကွန်ဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဟော်လန် အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မက္ကဆီကိုအသင်းနည်းပြရီကာဒိုလာဗော်လ်ပီသည် အာဂျင်တီးနားနိုင်ငံသားဖြစ်သည်။ ဘောလုံးသမားဘဝက ဂိုးသမားတစ်ဦးဖြစ်ခဲ့ပြီး ၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားဆုရရှိသော အာဂျင်တီးနားအသင်း၏ အရံဂိုးသမား အဖြစ်ပါဝင်ခဲ့သည်။ လာဗော်လ်ပီသည် ခံစစ်ထက် တိုက်စစ် ကစားခြင်းကို ပို၍အားသန်ပြီး တိုက်စစ် နည်းဗျူဟာချမှတ်လေ့ရှိသည်။ မက္ကဆီကိုအသင်းမှ မားကွက်စ်(ဘာစီလိုနာ)၊ ဂွန်ဇာလိုပင်နီဒါ(ဂွာဒါလာဂျရာ)၊ အိုမာဘရာဗို (ဂွာဒါလာဂျရာ)၊ ဖရန့်ကို(ဗီလာရီးရဲလ်)နှင့် ဘော်ဂတ်တီ(ဘော်လ်တန်) တို့မှာ အသင်း၏ အမာခံအင်အားစု



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ပေါ်တူဂီအသင်းနည်းပြ စကိုလာရီ။

(ဓာတ်ပုံ-အင်တာနက်)

များ ဖြစ်သည်။ မက္ကဆီကိုအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်မှာ အဆင့်(၄) ဖြစ်သည်။

အီရန်အသင်း

အီရန်အသင်းသည် ယခုအကြိမ် အပါအဝင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်သည်မှာ သုံးကြိမ်သာရှိသေးသည်။ ပြီးခဲ့သည့် နှစ်ကြိမ်စလုံး အုပ်စုပထမအဆင့်မှပင် လှည့်ပြန်ခဲ့ရသဖြင့် ယခုအကြိမ်၌ အုပ်စုအဆင့်ကိုကျော်လွန်နိုင်ခဲ့လျှင် အောင်မြင်မှုဟုဆိုရမည်ဖြစ်သည်။ အီရန်အသင်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ပါက အီရန်သမ္မတ အာမက်ဒီနီဂျက်ဒ်သည် ဂျာမနီသို့သွားရောက်အားပေးမည်ဟု သတင်းများလည်း ထွက်ပေါ်နေသည်။ ဂျာမနီကမ္ဘာ့ဖလားပွဲတွင် အီရန်အသင်းခြေစစ်ပွဲ အောင်မြင်သည်မှာ တစ်မျိုးတစ်ဘာသာ ထူးခြားနေသည်။ အီရန် ဘောလုံးသမားများသည် ဂျာမနီရှိ ကလပ်အသင်းများ၌ သွားရောက် အခြေချကစားနေသူများဖြစ်၍ ဂျာမနီမြေနှင့် မစိမ်းကြချေ။ ဂျာမနီပရိသတ်များကလည်း အီရန်အသင်းကို အားပေးသွားကြဖွယ်ရှိနေရာ ဂျာမနီစတိုင် ကစားသော အီရန်အသင်း မျှော်လင့်ချက်ထားနိုင်သည့် အနေအထားဖြစ်သည်။

အီရန်အသင်းနည်းပြ အိုင်ဗန်ကိုဗစ်သည် ခရိုအေးရှားလူမျိုးဖြစ်ပြီး ဂျာမနီဘွန်ဒက်စ်လီဂါမှ ဟန်နိုဗာအသင်းကို တာဝန်ယူခဲ့ဖူးသည်။ အိုင်ဗန်ကိုဗစ်သည် ခံစစ်အားသန်ပြီး မပိုင်ဘဲနှင့် ရှေ့ကို အတင်းတက်ကစားမှုမျိုးကို မနှစ်သက်ပေ။ ခံစစ်အထိုင်နည်းဗျူဟာချမှတ်မှုကြောင့် ဝေဖန်မှုများခံနေရသော်လည်း အီရန်အသင်းအား ကမ္ဘာ့ဖလားစင်မြင့်ထက်သို့ ဆွဲတင်ပေးနိုင်ခြင်းမှာ အောင်မြင်မှုပင်ဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးလျှင် အီရန်အသင်းနှင့် လမ်းခွဲတော့မည့် အိုင်ဗန်ကိုဗစ်အနေဖြင့် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်အောင် နည်းဗျူဟာချမှတ်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အီရန်အသင်းသည် အာရှဇုန် ခြေစစ်ပွဲ၌ အစောဆုံးခြေစစ်ပွဲ အောင်မြင်လာသောအသင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်၌ ဂျပန်၊ ဘာရိန်း၊ မြောက်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်းကျခဲ့ရာ လေးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြောက်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၃မှတ်ဖြင့် ဂျပန်၏အောက် ဒုတိယနေရာမှ ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားအကြို နောက်ဆုံးခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ ဘော့စနီးယားကို ငါးဂိုး-နှစ်ဂိုး၊ ကော့စတာရီကာကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ခရိုအေးရှားနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ အီရန်အသင်း၏ ခြေစမ်းပွဲရလဒ်များ ထူးထူးခြားခြား ကောင်းမွန်နေရာ မက္ကဆီကိုအသင်းလျှော့တွက်မည် မဟုတ်ချေ။

ခြေစစ်ပွဲစဉ်များ၌ အီရန်အသင်းအတွက် ကိုးဂိုးသွင်းယူပေးခဲ့သည့် အလီဒါယီ(ဘက်တာရီ)သည် တစ်ချိန်က ဂျာမနီကလပ်အသင်းများတွင် ကစားဖူးသည့် အတွေ့အကြုံရင့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ မာဒါဗစ်ကီးယား(ဟမ်းဘတ်)၊ ကာရီမီ(ဘိုင်ယန်မြူးနစ်)၊ ဟာရှီမိန်း(ဟန်နိုဗာ)တို့သည် ဂျာမနီမြေ၌ အခြေစိုက် ကစားနေကြပြီး အသင်း၏အမာခံအင်အားများဖြစ်ကြသည်။ အီရန်အသင်းသည် အခြားအာရှအသင်းများနှင့်မတူဘဲ ဥရောပကစားဟန်ဖြင့်ကစားရာ အရပ်မြင့်မားပြီး ကြံ့ခိုင်မှု ကောင်းမွန်၍ အံဝင်မှုရှိသည်။ ဂျာမနီအသင်းကစားဟန်ကဲ့သို့ အဝေးပေး၊ အမြင့်ဘောများသုံး၍ Power Play ကစားလေ့ရှိသည်။ ခေါင်းတိုက်ကောင်းသော တိုက်စစ်မှူးများပါဝင်၍ Set-Play များမှ ဂိုးရအောင်ဖန်တီးနိုင်သည်။

မက္ကဆီကိုအသင်းနှင့် အီရန်အသင်းတို့ ၂၀၀၀ပြည့်နှစ်က ခြေစမ်းကစားခဲ့ကြရာ မက္ကဆီကိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မက္ကဆီကိုအသင်းနှင့် အီရန်အသင်းတို့ပွဲမှာ ကစားဟန်မတူသော အသင်းနှစ်သင်း၏ အားပြိုင်မှုဖြစ်သည်။ မက္ကဆီကိုအသင်းက ခွန်အားကိုရှေ့တာပြီး ကျွမ်းကျင်မှုကို ဦးစားပေးကစားလေ့ရှိသည်။ အီရန်အသင်းက ဥရောပအသင်းများကဲ့သို့ ကြံ့ခိုင်မှုနှင့်ခွန်အားကို အဓိကအားပြုကစားတတ်သည်။ အီရန်အသင်းက ကွန်ကာကက်ဖ်ဇုန်မှ ကော့စတာရီကာ အသင်းကို ခြေစမ်းပွဲ၌ အနိုင်ရရှိခဲ့ခြင်းနှင့် ဂျာမနီအသင်းက ကော့စတာရီကာ အသင်းကို အနိုင်ရရှိထားခြင်းကို ထည့်သွင်းသုံးသပ်ရသော် အီရန်အသင်းကပင် အခြေအနေကောင်းမည့်လက္ခဏာမြင်ရသည်။ အီရန်အသင်း၏လက်ရှိကမ္ဘာ့အဆင့်မှာ ၂၃ဖြစ်၍ မက္ကဆီကိုနှင့်အဆင့်ချင်းကွာခြားလှသည်။ ဘောလုံးသမားတစ်ဦးချင်းယှဉ်ပါကလည်း မက္ကဆီကိုက အသာစီး၌ရှိနေသည်။ မည်သို့ပင်ဖြစ်စေ ဒေသစွဲကြောင့်လားမသိ အီရန်အသင်းကို ပို၍ကြိုက်နေမိသည်။

အင်္ဂလာနှင့် ပေါ်တူဂီ

ဇွန် ၁၂ရက်**(မနက်ဖြန်)**မြန်မာစံတော်ချိန် နံနက် ၁နာရီခွဲတွင် ကိုလုံးမြို့ရှိ Rhein Energie Stadiom အားကစားကွင်း၌ အုပ်စု(ဃ)မှ အင်္ဂလာအသင်းနှင့်ပေါ်တူဂီအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နာမည်ကြီးဘောလုံးသမားများ ပါဝင်နေသော ပေါ်တူဂီအသင်း နှင့် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင် မြင်လာသည့် မျက်နှာသစ် အင်္ဂလာ အသင်းတို့၏ပွဲစဉ်မှာ ခြေကွာသော်လည်း ပျင်းစရာကောင်းမည်မဟုတ်ပေ။

ပေါ်တူဂီအသင်းသည် ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ တတိယရရှိခဲ့ပြီးနောက် လေးကြိမ်ဆက်တိုက်ခြေစစ်ပွဲ မအောင်မြင်ဘဲ မှေးမှိန်သွားသည်။ ၁၉၈၆ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၂ခုနှစ်တွင်တစ်ကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း အုပ်စုပထမအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ ပီလီနှင့်ခေတ်ပြိုင်ကျော်ကြားခဲ့သည့် အူဆီဘီယိုခေတ်လွန် ပေါ်တူဂီအသင်းသည် နှစ်ပေါင်းအတန်ကြာ ဂုဏ်ရှိန်မှေးမှိန်ခဲ့ရပြီးနောက် ၂၀၀၀ပြည့်နှစ် ဥရောပဖလားပွဲ(ယူရို-၂၀၀၀)တွင် ပြန်လည်၍ရှင်သန်တောက်ပလာခဲ့သည်။ ခေတ်သစ်အူဆီဘီယိုဟုတင်စားရမည့် လူးဝစ္စဖီဂိုက ပေါ်တူဂီ၏ဘောလုံးခေတ်သစ်တစ်ရပ်ကိုထူထောင်နိုင်ခဲ့သည်။ ယူရို-၂၀၀၀၌ ပေါ်တူဂီအသင်းခြေစွမ်းပြနိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ ၂၀၀၄ခုနှစ် ဥရောပဖလားပွဲ(ယူရို-၂၀၀၄)ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဂရိကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးကာ ဒုတိယနှင့်ကျေနပ်ခဲ့ရသည်။

စကိုလာရီ

ဥရောပတိုက်၏ ဘရာဇီးဟု တင်စားခြင်းခံရသည့် ပေါ်တူဂီအသင်းကို ဘရာဇီးလူမျိုး စကိုလာရီတာဝန်ယူကိုင်တွယ်ခဲ့သည့်နောက် ပြိုင်ဘက်တိုင်းက လေးစားရသည့်အနေအထားဖြစ်လာသည်။ နည်းပြစကိုလာရီသည် နှုတ်ခမ်းမွေးစစ၊ နဖူးပြောင်ပြောင်နှင့် နည်းပြပုံမပေါက်သော်လည်း နည်းဗျူဟာ ကျွမ်းကျင်မှုနှင့်ပတ်သက်လျှင် ဆရာကြီးအဆင့်၌ရှိသည်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကို ဗိုလ်စွဲအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမှာ စကိုလာရီ၏အောင်မြင်မှု မှတ်ကျောက်ပင်ဖြစ်သည်။ စကိုလာရီသည် မည်သည့်နည်းဖြင့်သေသေကွက်သေလျှင်ပြီးရောဆိုသော နည်းဗျူဟာမျိုးချမှတ်လေ့ရှိသည်။ ဘောလုံးပွဲတစ်ပွဲအနိုင်ရရှိရန် လိုအပ်ပါက ခပ်ကြမ်းကြမ်းလူချကစားသင့်က ကစားမည်ဟု အတွေးအခေါ်ရှိသူဖြစ်သည်။ ကမ္ဘာ့ဖလားပွဲပြီးလျှင် ပေါ်တူဂီကမ်းမှ ခွာတော့မည့် စကိုလာရီအနေဖြင့် အများအံ့အားသင့်စရာလုပ်ပြသွားဖွယ်ရှိသည်။

ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဥရောပဇုန်(ဂ)၌ ဆလိုဗက်ကီးယား၊ ရုရှား၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ လက်ချင်စတိန်း၊ လူဇင်ဘတ်တို့နှင့်အတူပါဝင်ခဲ့ပြီး အုပ်စုပထမဖြင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၁၂ပွဲကစား ကိုးပွဲနိုင်၊ သုံးပွဲသရေကျခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ၃၅ဂိုးသွင်းယူနိုင်ခဲ့ရာ ဥရောပခြေစစ်ပွဲဝင်အသင်းများထဲတွင် ဂိုးသွင်းအားအကောင်းဆုံး အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ကမ္ဘာ့ဖလားပွဲအကြို နောက်ဆုံးခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ လူဇင်ဘတ်ကို သုံးဂိုး-ဂိုးမရှိ၊ ကိတ်ဗာဒီကို လေးဂိုး-တစ်ဂိုး၊ ဆော်ဒီအာရေဗျကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအသင်းမှ စီရိုနယ်ဒို (မန်ယူ)၊ ပေါ်လက်တာ (ပီအက်စ်ဂျီ)၊ ဖီဂို (အင်တာမီလန်)၊ ဒေကို(ဘာစီလိုနာ)၊ မန်နစ်(ချယ်လ်ဆီး)၊ ကာဗယ်လ်ဟို (ချယ်လ်ဆီး)၊ ဖရဲရား (ချယ်လ်ဆီး)၊ နူနိုဂိုးမက်စ်(ဘင်ဖီကာ)တို့သည် ဥရောပကလပ်များ၌ ခြေစွမ်းပြ ကစားနေသူများဖြစ်သည်။ ပေါ်တူဂီအသင်းသည် ရှေ့၊ လယ်၊ နောက် ညီညွတ်မှုရှိပြီး အားကစားသမားပါဝင်မှု အရပြိုင်ဘက်တိုင်းနှင့် ပခုံးချင်းယှဉ်နိုင်သည့်အဆင့်မှာရှိသည်။

အင်္ဂလာ

အင်္ဂလာအသင်းသည် ၁၉၈၆ ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ခြေစစ်ပွဲ



စီရိုနယ်ဒို

လူငယ်တောင်ပံ ကစားသမား စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်း၏ အဓိကကစားသမားဖြစ်နေပေပြီ။

(ဓာတ်ပုံ-အင်တာနက်)

မအောင်မြင်ခဲ့ဘဲ ယခုအကြိမ်မှ ပထမဆုံး ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်သည်။ အာဖရိကတိုက်နိုင်ငံများထဲတွင် အင်္ဂလာအသင်းသည် ဘောလုံးအစဉ်အလာ မရှိချေ။ အုပ်စု(ဃ)၌ အင်္ဂလာအသင်းကို အိမ်ဖြည့်အသင်းဟု သဘောထားနေကြသော်လည်း အာဖရိကအသင်းပီပီ ခွန်အားသုံးပြီး ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ကစားတတ်ရာ ပေါ်တူဂီအသင်း အလွယ်တကူနှင့်တော့ရမည်မဟုတ်ပေ။ စကိုလာရီအနေဖြင့် အင်္ဂလာအသင်းကို အိမ်ဖြည့်အဆင့်ပါဟု လျှော့တွက်ခဲ့လျှင် အမှတ်ပြည့်မရဘဲ ဖြစ်သွားနိုင်သည်။ အင်္ဂလာနည်းပြ ဂွန်ကာလ်ဗက်စ်သည် လူကြီး၊ လူငယ် မျှတအောင်ဖွဲ့စည်းပြီး ခြေစစ်ပွဲအောင်မြင်ရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့သူဖြစ်သည်။

အင်္ဂလာအသင်းသည်အာဖရိကဇုန် အုပ်စု(ဃ)တွင် ပါဝင်ခဲ့ပြီး နိုင်ဂျီးရီးယား၊ ဇင်ဘာဘွေ၊ ဂါဘွန်၊ အယ်လ်ဂျီးရီးယား၊ ရဝမ်ဒါတို့နှင့် ကစားခဲ့ရသည်။ ၁၀ပွဲကစားရာ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ၂၁မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားအသင်းနှင့် ရမှတ်ချင်းတူညီသော်လည်း ထိပ်တိုက်ဆုံတွေ့မှု (Head to Head) တွင် အင်္ဂလာ အနိုင်ရခဲ့သည့်အတွက် ခြေစစ်ပွဲအောင်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပွဲအကြို နောက်ဆုံးခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ မောရစ်သျှကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး တူရကီကိုသုံးဂိုး-နှစ်ဂိုး၊ အာဂျင်တီးနားကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂိုးမိုးရွာ

ပေါ်တူဂီနှင့်အင်္ဂလာတို့ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပေါ်တူဂီက ပထမပွဲ ခြောက်ဂိုး-ဂိုးမရှိ၊ ဒုတိယပွဲ ငါးဂိုး-တစ်ဂိုးဖြင့် နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ ပေါ်တူဂီနှင့် အင်္ဂလာပွဲ အပေါ် သုံးသပ်ရာ၌ နည်းဗျူဟာ၊ တိုက်စစ်၊ ခံစစ်များ ရှည်ရှည်ဝေးဝေး ပြောနေစရာလိုမည်မဟုတ်ပေ။

အင်္ဂလာအသင်း၏ အသင်းသစ်ဟူသော စိတ်ဓာတ် အားမာန်ဖြင့် ခပ်ကြမ်းကြမ်းကစားမှုကို ပေါ်တူဂီကစားသမားများ တည်တည်ငြိမ်ငြိမ်တုံ့ပြန်ကစားရင်း တစ်ဂိုးပြီးတစ်ဂိုး ရသွားမည်ဖြစ်သည်။ ပေါ်တူဂီအသင်းသည် အသင်းကြီးများနှင့် တွေ့လျှင် အဖျားရှူးသွားသလောက် အသင်းငယ်များနှင့်တွေ့လျှင် ဂိုးမိုးရွာပြလေ့ရှိသည်။ စီရိုနယ်ဒို၊ ပေါ်လက်တာ၊ ဗလန်တေးတို့က စကိုလာရီလက်သီးလက်မောင်းတန်းခွင့်ရအောင် ဂိုးသွင်းပေးကြမည်ဖြစ်သည်။ လက်ရှိကမ္ဘာ့အဆင့်-၇ ရှိသော ပေါ်တူဂီကို လက်ရှိကမ္ဘာ့အဆင့်-၅၇ ရှိသော အင်္ဂလာ ဘယ်လောက်တောင့်ခံနိုင်ပါမည်နည်း။ ပေါ်တူဂီတို့ ဂိုးပြတ်အနိုင်ယူမည့်ပွဲဖြစ်လာနိုင်ကြောင်း ပွဲကြိုအဖြစ်သုံးသပ်တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ-ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

၂၀၀၆ကမ္ဘာ့ဖလားကန့်လန့်ကာအဖွင့် အိမ်ရှင်ဂျာမနီနှင့်အီကွေဒေါတို့ ရလဒ်ကောင်း

မြူးနစ် ဇွန် ၁၀

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဇွန် ၉ ရက်ကစတင်ဖွင့်လှစ်ရာ အိမ်ရှင်ဂျာမနီအသင်းက ကော့စတာရီကာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ပွဲဦးထွက်မျက်နှာပန်းလှသွားသည်။

ဂျာမနီအသင်းအတွက် မီရိုဆလတ်ဗ်ကလိုဆေးက နှစ်ဂိုး၊ တိုက်စစ်မှူး ဖီးလစ်လမ်းနှင့် တော်စတင်ဖရင်းစ်တို့က တစ်ဂိုးစီသွင်းပေးခြင်းဖြင့် ဂျာမနီအသင်း၏ကမ္ဘာ့ဖလားမျှော်လင့်ချက်စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သည်။

ချေပဂိုး

ဂျာမနီအသင်း၏ ဗွေဆော်ဦးဂိုးကို ပွဲချိန်ခြောက်မိနစ်တွင် လမ်းက ကော့စတာရီကာဂိုး ညာတောင်ပံဘက်မှ ဝေ့ကန်လိုက်ရာမှ ဂိုးစတင်ရရှိသွားသည်။ သို့ရာတွင် ကော့စတာရီကာအသင်းကို ခြေစစ်ပွဲရောက်အောင် အဓိက စွမ်းဆောင်ပေးခဲ့သော ဝမ်ချော့စ်က ချေပဂိုးသွင်းယူလိုက်သည်။

ပိတ်သွင်းယူ

သို့ရာတွင် ရှနိုက်ဒါ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဂျာမနီတိုက်စစ်မှူး ကလိုဆေးက မနားတမ်းပိတ်သွင်းယူလိုက်သည်။

ပထမပိုင်းပြီးသည်အထိ အိမ်ရှင်ဂျာမနီအသင်းက ကော့စတာရီကာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ကြံ့ကြံ့ခံ

ဒုတိယပိုင်း ပြန်စသည်နှင့် ဂျာမနီအသင်းသည် တိုက်စစ်ဖြင့် ကော့စတာရီကာကို ဖိထားပြန်သည်။ ကော့စတာရီကာတို့ ဂျာမနီအသင်း၏ တိုက်စစ်ကို ကြံ့ကြံ့ခံရင်း ရံဖန်ရံခါ ထိုးဖောက်တန်ပြန်တိုက်စစ်ဆင် ကစားနိုင်မှုများကြောင့် ကော့စတာရီကာတိုက်စစ်မှူး ဝမ်ချော့စ်က အခွင့်အရေးကို လက်မလွှတ်တမ်းအပိုင်အသုံးချနိုင်သည်ကိုလည်း တွေ့ရသည်။

ဒုတိယပိုင်းပွဲချိန် ၆၁ မိနစ်တွင် ဂျာမနီ တိုက်စစ်မှူး ကလိုဆေးက ခေါင်းတိုက်သွင်းရာ ပြန်ထွက်လာသော ဘောလုံးကို ၎င်းကပင် ပြန်၍ သွင်းယူလိုက်သည်။

သို့ရာတွင် ကော့စကာရီကာ တိုက်စစ်မှူး ဝမ်ချော့စ်က ပွဲချိန်၇၃ မိနစ်တွင် ဂျာမနီနောက်တန်းလူများကြားမှ ဖြတ်ပို့သော ဘောလုံးကို ဆွဲပြေးသွားပြီး ဂျာမနီဂိုးသမားလေးမန်းနှင့်အတွေ့တွင် ဂိုး၏ ညာဘက်ထောင့်ထဲသို့ အသာအယာပတ်သွင်းလိုက်၍ ကော့စတာရီကာ၏ မျှော်လင့်ချက် ရှင်သန်သွားပြန်သည်။

အမှတ်မထင်

သို့ရာတွင် ဂျာမနီကစားသမား ဖရင်းစ်ပွဲချိန် ၈၇မိနစ်တွင် ကိုက်၃၀ အကွာမှ အမှတ်မထင်ကန်သွင်းလိုက်ရာ ကော့စတာရီကာ ဂိုးသမား ပေါရပ်စ်ဘောလုံးကို ပုတ်ထုတ်သော်လည်း လွဲချော်လျက် ဂိုးဝင်သွားခဲ့သည်။

အိမ်ရှင်ဂျာမနီအသင်းသည် ကော့စတာရီကာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားပြီဖြစ်၍ ဂိုးသွင်းရန် တိုက်စစ်ကိုလျှော့ကာ အပေးအယူလုပ်ကစားပြီး ပြိုင်ပွဲကို အဆုံးသတ်လိုက်သည်။

အကြိတ်အနယ်

ဂျာမနီအသင်းနှင့် ကော့စတာရီကာအသင်းတို့ ပွဲစဉ်တွင် ကော့စတာရီကာမှ ဖွန်ဆီကာ (၀) **နှင့် ဂျာမနီမှ ဖီးလစ်လမ်းတို့ ဘောလုံး အကြိတ်အနယ်လုယူကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အကြိတ်အနယ်ယှဉ်ပြိုင်

ထိုနေ့ညက ဒုတိယပွဲစဉ်အဖြစ် အုပ်စု(အေ)မှ ပိုလန်အသင်းနှင့် အီကွေဒေါအသင်းတို့လည်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ အီကွေဒေါအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ပွဲဦးထွက် အနိုင်ရလိုက်သည်။

အီကွေဒေါအသင်းအတွက် အနိုင်ဂိုးများကို ကားလို့စ်တီနိုရီယိုနှင့် အော်ဂတ်စတင်ဒယ်ဂါဒိုတို့က တစ်ဂိုးစီသွင်းပေးပြီး ကမ္ဘာ့ဖလားအုပ်စု(က) ပြိုင်ဘက် ပိုလန်အသင်းကို ပွဲဦးထွက် အနိုင်ရလိုက်သည်။

ခေါင်းတိုက်သွင်းယူ

ပွဲစသည်နှင့် နှစ်ဖက်သောအသင်းသည် ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်တွင် အနိုင်ရမည်ဟူသော စိတ်ဓာတ်အပြည့်အဝဖြင့် သွက်သွက်မြန်မြန် ထိုးဖောက်ကစားခဲ့ကြရာ ပွဲချိန် ၂၄ မိနစ်တွင် တီနိုရီယိုက လှလှပပ ခေါင်းတိုက်သွင်းယူခဲ့သည်။



အစွမ်းပြဖမ်းယူ

အီကွေဒေါအသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အီကွေဒေါ ဂိုးသမား မိုရာက ပိုလန်တိုက်စစ်မှူးများကြားမှ ဤသို့ ဘောလုံးကို အစွမ်းပြဖမ်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ချေပဂိုးနှင့်လွဲ

ပိုလန်မှ ချေပဂိုးရရှိရေးအတွက် အကြိတ်အနယ်တန်ပြန် တိုက်စစ်ဆင်ကစားရာ ဒုတိယပိုင်းတွင် ဂျီလန်နှင့် ဘရိဇက်တို့ အနီးကပ်ကန်သွင်းခွင့်များ ရသော်လည်း တိုင်ထိသွား၍ ချေပဂိုးနှင့်လွဲသွားသည်။

အီကွေဒေါတို့ ယခုပွဲ အနိုင်ရလိုက်သဖြင့် အုပ်စု(အေ) ဒုတိယနေရာအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ရရှိသွားသည်။

ယခု အနိုင်ရခဲ့သော အုပ်စု(က)မှ ဂျာမနီအသင်းနှင့်အီကွေဒေါအသင်းတို့သည် ဇွန်၂၀ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဂျာမနီနှင့်ပိုလန်အသင်းသည် ဇွန် ၁၄ရက်တွင် လည်းကောင်း၊ အီကွေဒေါနှင့် ကော့စတာရီကာအသင်းတို့သည် ဇွန် ၁၅ ရက်တွင် လည်းကောင်း အသီးသီးဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပိုလန်နှင့်ဂျာမနီပွဲ ဘောလက်ပါဝင်ကစားမည်

မြူးနစ် ဇွန် ၁၀

ဂျာမနီ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်နှင့် လွဲခဲ့ရပြီး ဇွန်၁၅ရက် ပိုလန်နှင့်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့သည် မိုက်ကယ်ကို စောင့်နေကြောင်း၊ ယခုသူသည် လေ့ကျင့်ရေးကွင်းတွင် အပြင်းအထန် လေ့ကျင့်နေပြီဖြစ်ကြောင်း၊ ပိုလန်နှင့်ပွဲအတွက် အသင့်ဖြစ်နေပြီဖြစ်ကြောင်း နည်းပြ ကလင်းစမန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စုစည်းတင်ပြသူ

မြင့်မောင်စိုး

ကမ္ဘာ့ဖလား သတင်းဂယက်

ပေါ်တူဂီအသင်း၏ အဖွင့်ပွဲမတိုင်မီ ကွင်းလယ်ဖန်တီးရှင် ဒေကို ဒဏ်ရာရ

လစ္စဘွန်း ဇွန် ၁၀

ပေါ်တူဂီနည်းပြ စကိုလာရီက ၎င်း၏ကွင်းလယ်ကစားသမား ဒေကိုကို ဇွန်၁၁ရက်တွင် အင်ဂိုလာအသင်းနှင့်ပွဲစဉ်၌ ဒဏ်ရာကြောင့်စွန့်စား နေရခြင်းအား ပြင်ဆင်ထားလိုက်သည်။

ဒဏ်ရာရ

အဆိုပါ ကွင်းလယ်ကစားသမားသည် ဇွန် ၉ရက်က လေ့ကျင့်ကွင်းမှ ဒဏ်ရာရထား၍ မကစားနိုင်သဖြင့် ပြန်သွားခဲ့ရသည်ဟုဆိုသည်။

ဒေကိုသည် ဒဏ်ရာအနည်းငယ်ရသော်လည်း မိမိတို့အသင်းအနေဖြင့် စွန့်စားရခြင်းအတွက် ပြင်ဆင်ထားပြီဖြစ်ကြောင်း နည်းပြ စကိုလာရီက ပြောကြားသည်။

အသက် ၂၈နှစ်အရွယ်ရှိ ဘရာဇီးနွယ်ဖွား အဆိုပါ ကွင်းလယ်ကစားသမားသည် ပေါ်တူဂီအသင်း၏ အဓိကကွင်းလယ်ဖန်တီးရှင်ဖြစ်ပြီး လူးဝစ္စဖီဂိုနှင့် ခရစ္စတီယာနိုရိုနယ်ဒိုတို့နှင့်အတူ တိုက်စစ်ကို ဖန်တီးပေးမည်သူဖြစ်သည်။

ပေါ်တူဂီအသင်းသည် အုပ်စု(ဒီ)တွင် အီရန်နှင့် မက္ကဆီကိုအသင်းများနှင့်မကစားမီ အဖွင့်ပွဲအဖြစ် အင်ဂိုလာအသင်းနှင့် ဇွန်၁၁ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ် ကစားသမား

ပေါ်တူဂီ ကွင်းလယ် ကစားသမား ဒေကို။

(ဓာတ်ပုံ-အင်တာနက်)



● ကျော့ဖုံးမှ

အင်္ဂလန်အသင်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှု မြင့်တက်နေသော်လည်း ပွဲဦးထွက်၌ ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ချေ။ ပွဲစပြီး လေးမိနစ်အကြာတွင် ဒေးဗစ်ဘက်ဟမ်း၏ ဖရီးကစ်မှတစ်ဆင့် ပါရာဂွေးအသင်းမှ အသင်းခေါင်းဆောင် ဂါမာရာ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အင်္ဂလန်အသင်း အဖွင့်ဂိုးရရှိခဲ့သည်။ အင်္ဂလန်အသင်းအဖွင့်ဂိုး စောစီးစွာ ရရှိ၍ ဂိုးပြတ်နိုင်မည်ဟု ထင်ခဲ့ကြသော်လည်း ပွဲပြီးသည်အထိ ဂိုးထပ်မံမသွင်းနိုင်၍ ပါရာဂွေးမှသွင်းသော တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

တိုက်စစ်အားနည်း

အင်္ဂလန်အသင်း အလယ်တန်းမှ ကစားကွက်ဖော်ပြီး ဘယ်ညာတောင်ပံများမှ အမြင့်ဘောများဖြင့် ထိုးဖောက်သော်လည်း ပါရာဂွေး နောက်တန်းကို မကျော်လွှားနိုင်ခဲ့ချေ။ အင်္ဂလန်အသင်း၌ တိုက်စစ်မှူး ရွန်နေမပါဝင်၍ မိုက်ကယ်အိုဝင်နှင့် ပီတာခရော့ချ်တို့ကိုတွဲ၍ ပွဲထုတ်ခဲ့ရာ တိုက်စစ်အားနည်းခဲ့ရသည်။ ဒုတိယပိုင်းတွင် ပါရာဂွေးအသင်းက ပြန်လည်ထိုးဖောက်ကစားသော်လည်း ပါရာဂွေး တိုက်စစ်မှူးများ အင်္ဂလန်နောက်တန်းကို မကျော်နိုင်ဘဲဖြစ်နေသည်။

အင်္ဂလန် နောက်တန်းလူများက အမြင့်ဘောများကိုတည်ငြိမ်စွာ ဖျက်ထုတ်နိုင်ခဲ့သလို ဂိုးသမား ရော်ဘင်ဆင်ကလည်း အဝင်အထွက် ရဲရဲဖမ်းနိုင်ခဲ့သည်။ ပါရာဂွေးအသင်း ကွင်းလယ်မှ ကစားကွက်ဖော်သော်လည်း အင်္ဂလန်အသင်း၏ ပယ်နယ်တီဧရိယာအတွင်း ထိထိရောက်ရောက် မထိုးဖောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဒုတိယပိုင်းတွင် မိုက်ကယ်အိုဝင်အစား ဒေါင်းနင်းကိုထည့်၍ တိုက်စစ်အားဖြည့်သော်လည်း ဒေါင်းနင်းအတွေ့အကြုံနုနယ်သေး၍ ထိရောက်မှုမရှိခဲ့ချေ။ ပွဲပြီးခါနီးတွင် အလယ်တန်းလူ ဂျိုကိုးလ်အစား ဟားဂရေ့ဗ်ကို လူစားလဲခဲ့သော်လည်း အင်္ဂလန်ကစားကွက် မထူးခြားခဲ့ပေ။ အင်္ဂလန်နည်းပြ အဲရစ်ဆင်သည် အနိုင်တစ်ဂိုးဖြင့်သာ ထိန်းကစားလိုဟန်ရှိရာ အင်္ဂလန်အသင်း တိုက်စစ်အား မြှင့်တင်နိုင်စွမ်းမရှိ၍ ပွဲအေးခဲ့ရသည်။

အလားအလာကောင်း

အင်္ဂလန်အသင်းသည် ပွဲဦးထွက် အနိုင်ရပြီး သုံးမှတ်အပြည့်ယူနိုင်ခဲ့၍ အုပ်စုတက်ရေး အလားအလာကောင်းသွားသည်။ အင်္ဂလန်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဇွန်၁၅ရက်တွင် ထရီနီဒက်နှင့် တိုဘာဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆွီဒင်နှင့်ထရီနီဒက် ဂိုးမရှိသရေကျ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည၁၀နာရီခွဲက ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ ဆွီဒင်အသင်းနှင့် ထရီနီဒက်နှင့်တိုဘာဂိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်သွားသည်။

ယခုပွဲ သရေကျသွား၍ ဆွီဒင်အသင်း အုပ်စုပထမနေရာ မသေချာတော့ဘဲ အုပ်စုဒုတိယနေရာအတွက် ဇွန် ၁၆ ရက်တွင် ပါရာဂွေးနှင့် ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

သားဘို့ အတွက် မွေးနေ့ဆုမွန်

ဖေဖေ–မေမေတို့ရဲ့တစ်ဦးတည်းသော သားလေး **သန်းဝေယံနိုင်**(ခ)**သားဘို** လေး၏ ၁၀–၆–၂၀၀၆ရက်တွင်ကျရောက်သော (၁)နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ပျော်ရွှင်ပြည့်စုံသော မွေးနေ့ပေါင်း များစွာကို ဖြတ်သန်းနိုင်ပြီး ထူးချွန်လိမ္မာသည့် သားရတနာလေးဖြစ်ပါစေ။

ချစ်သော–

ဖေဖေ – ဒေါက်တာသန်းမိုးနိုင်

မေမေ – ဒေါက်တာအေးမြမြတင်စိန်။

ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း

ထွက်ပြီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊
သီရိမြိုင် ၄လမ်း၊ အမှတ် ၅၉(B)နေ
(ဦးကျော်ညွန့်)–ဒေါ်ခင်စန်းမူတို့၏သား

မောင်ဝေလင်း (အထက်တန်းရှေ့နေ)

LL.B, Dip in Maritime Law, Dip in International Law

နှင့်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊
ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၉၆နေ
ဦးတင်ထွေး(ဦးစီးအရာရှိ၊ ငြိမ်း၊ စစစ)–ဒေါ်ခင်စန်းဦး
တို့၏တစ်ဦးတည်းသောသမီး

မခိုင်ဇာမွန် (အထက်တန်းရှေ့နေ)

LL.B(Q), Dip in Business Law, Dip in Software Engineering

တို့သည် ၁၀–၆–၂၀၀၆ရက် (စနေနေ့)တွင် နှစ်ဖက်မိဘများ၏ ခွင့်ပြုသဘောတူညီချက်အရ Mr.Brown Coffee Shop(Upper Floor)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝေလင်း–မခိုင်ဇာမွန်။

မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်

Dozer Operators

(ပြည်တွင်း၌ခန့်ထားရန်)

မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၅ခုနှစ် အောက်တိုဘာလ ၂၆ရက်နှင့် ၂၈ရက်တို့တွင်ကြော်ငြာခဲ့သော မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်တွင် လစ်လပ်လျက်ရှိသော Dozer Operator ရာထူးများအတွက် လျှောက်လွှာတင်ခဲ့သူများအနက် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်သည့် လျှောက်လွှာရှင်များအား လူတွေ့စစ်ဆေးနိုင်ရန်အတွက် ယခုကြော်ငြာသည်မှ ဇွန်လ ၂၆ရက်အတွင်း အုပ်ချုပ်ရေးဌာန(မုံရွာဆိုက်ရုံး)သို့ အချိန်မီဆက်သွယ် သတင်းပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

လူတွေ့စစ်ဆေးမည့် လျှောက်လွှာရှင် တစ်ဦးချင်းထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။

လူတွေ့စစ်ဆေးစာမေးပွဲအား ဇွန်လ ၂၆ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စုံစမ်းမေးမြန်းလိုပါက အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းရွေးချယ်ရေးအဖွဲ့
မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီလီမိတက်

ဆက်သွယ်ရန်လိပ်စာ

၁။ မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီ၊ ရန်ကုန်ရုံး၊ အမှတ် ၇၀(အိုင်) ဗိုလ်ချိန်လမ်း၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း–၅၁၄၁၉၄–၇)

၂။ မြန်မာအိုင်ဗင်ဟိုကြေးနီကုမ္ပဏီ၊ အထွေထွေမန်နေဂျာရုံး၊ ကြေးနီသတ္တုတွင်း၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့အနောက်ဘက်ကမ်း။ (ဖုန်း–၀၇၁–၂၂၂၂၅/၆)

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် လုပ်သားများ အလိုရှိသည်။

TOP THERMO (THERMOS)

RM 750+

ဝ၁ – ၅၀၅ ၈၅၆၊ ၅၀၅ ၈၉၇၊ ၇၂၅ ၇၂၅

၀၉ – ၅၀၀ ၄၅၀၀၊ ၅၀၁ ၇၂၄၂

ကန့်ကွက်နိုင်ကြောင်းကြေညာ

ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၅၂) မြေကွက်အမှတ်(၃၃/၁အေ၂)+(၃၃/အေ) အကျယ်အဝန်း ၀ ဒသမ ၀၆၄၈ဧကရှိ ဂရန်မြေ၊ မြေကွက်အမှတ်(၃၃/အေ၂)၊ အကျယ်အဝန်း ၀ ဒသမ ၀၆၈၈ဧကရှိ ဂရန်မြေ၊ မြေကွက်အမှတ်(၃၃/အေ၁)၊ အကျယ်အဝန်း ၀ ဒသမ ၀၆၃၈ဧက ရှိ ဂရန်မြေနှင့်မြေကွက်အမှတ် (၃၃/၁အေ၁) အကျယ်အဝန်း ၀ ဒသမ ၀၇၀ဧကရှိ ဂရန်မြေတို့ကို မြို့မြေစာရင်း၌ ဦးကိုကိုကျော်နှင့် ဦးသန်းစိုးတို့၏အမည်ဖြင့်မှတ်သားထားပါသည်။ အမှတ် ၉၂၊ အင်းလျားလမ်းနေ ဦးကိုကိုကျော် ၁၂/မရက(နိုင်)၀၈၁၁၅က အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ရန်ကင်းမြို့နယ် မြေတိုင်း ၈၃၊ မြေကွက်အမှတ်(၁–ဋ) အကျယ်အဝန်း ၀ ဒသမ ၁၇၅ ဧကရှိ ဦးကိုကိုကျော်၊ ဦးသန်းစိုး အမည်ပေါက် ဂရန်မြေကို ဦးသန်းစိုး ၁၂/မရက(နိုင်)၀၆၈၈၈ကိုင်ဆောင်သူ အမှတ် ၁၄၀၊ ဓမ္မစေတီလမ်းက အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရန်နောင်စိုး၏ ၁ခ/၆၂၆၀ ကား၏အခွန်ပုံစံ(၁)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဦးရန်နောင်စိုး ဖုန်း–၅၇၃၂၂၁။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သန်းနိုင် ၁၄/ဟသတ(နိုင်)၀၄၉၂၀၀၏ နိုင်ငံကူးလက်မှတ်–၆၁၀၆၈၅သည် ပျောက်ဆုံးသွား၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **သန်းနိုင် ဖုန်း–၅၅၈၇၂၉။**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃က/၈၂၀၇ Nisson Sunny Sll ယာဉ်လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊အနောက်ပိုင်းခရိုင်ရုံး၊ရန်ကုန်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၁၆၇၀၆ လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(တောင်ကြီး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်မျိုးတင့်လှိုင်(ခ)ညွန့်ဝင်း ၁၂/လမတ(နိုင်)၀၀၆၈၅၇သည် မိဘညီအစ်ကိုမောင်နှမများ သည်းမခံနိုင်အောင် ပြုမူဆောင်ရွက်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စမှန်သမျှကို ကျွန်တော်များမိသားစုနှင့် လုံးဝမသက်ဆိုင်ပါ။ ၎င်း၏ကိစ္စ အဝဝကို လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးမောင်ကို–ဒေါ်ခင်ပု မိသားစု။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်း (၁၁–ဂျ)မြေကွက်အမှတ်(၁၄)ဦးဘိုးခို၊ ဒေါ်စိန်မြ အမည်ပေါက် နှစ်(၉၀)ဂရန်မြေကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ ဘီးလစ် ဒေါ်ကေသီလှိုင် ၁၂/သဃက(နိုင်)၁၂၀၀၈၁က မြေပုံကူးလျှောက်ထားခြင်းနှင့် တာမွေမြို့နယ် မြေတိုင်း ၄စီ၁ ၆၈ မြေကွက်အမှတ် (၁၉) ဦးဘိုနီ(ရန်ကုန်စည်ပင်သာယာ) အမည်ပေါက် ကျူးလွန်ခြင်းမြေအား အမှတ် ၆၀၊ မလွကုန်းလမ်း၊ တာမွေမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း ၁၂/တမန(နိုင်)၀၀၇၁၂၇က ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

KMD Computer Centre

ကွန်ပျူတာအခြေခံသင်တန်း

i-Office

(Duration 80 Hours)

ရန်ကုန်ကလေးဆေးရုံကြီး၌ အထူးကုဌာနများဖွင့်လှစ်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်ကလေးဆေးရုံကြီး၌ သွေးရောဂါအထူးကု၊ ကင်ဆာအထူးကု၊ ကျောက်ကပ်အထူးကုဌာနများ ဖွင့်ပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ကလေးဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန အဆောက်အအုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် သွေးရောဂါအထူးကု၊ ကင်ဆာအထူးကု၊ ကျောက်ကပ်အထူးကုဌာနများရှိ အဆောက်အအုံကို ကလေးဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်နှင့် ကလေးကျန်းမာရေးပညာဌာနမှူး ပါမောက္ခ ဒေါက်တာအေးမောင်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကလေးအထူးကု ဌာနများကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ညွှန်ကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြု

ဘရင်းကြက်ပေါင်းရည်နှင့်ငှက်သိုက်ရည် ရောင်းချပွဲအောင်မြင်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

ဘရင်းကြက်ပေါင်းရည်နှင့် ငှက်သိုက်ရည်ခင်းကျင်းရောင်းချပွဲ အောင်မြင်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ၆နာရီတွင် ရန်ကုန်မြို့ Sedona Hotel (Ballroom)၌ ကျင်းပရာ ဖိတ်ကြားထားသော ဧည့်သည်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ကုန်သည်ကြီးများ တက်ရောက်ချီးမြှင့်ပေးသည်။

ယခုကျင်းပသောပွဲတွင် ကုန်သည်ကြီးများနှင့် အရောင်းကိုယ်စားလှယ်ကြီးများ အင်တိုက်အားတိုက် ပါဝင်ခင်းကျင်း ပြသခဲ့ကြသည့်အတွက် ခွဲဝေချထားပေးသော ဘဏ္ဍာငွေနှင့် ပြည်သူလူထုမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း၄၀၀ကျော်ဖြင့် အကြီးစားမွမ်းမံပြင်ဆင်ပြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။ **(သတင်းစဉ်)**

Jotun Paints အိမ်သုတ်ဆေးဖြန့်ချိရေး အရောင်းကိုယ်စားလှယ်များအားဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၀

Unique Innovative Trading Co., Ltd. ၏ Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိရေးလုပ်ငန်းက သတ်မှတ်ရောင်းအား ပြည့်မီသော အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ကန်တော်မင်္ဂလာပန်းခြံရှိ ရှမ်းကန်စားသောက်ဆိုင်၌ကျင်းပရာ Unique Innovative TradingCo., Ltd. မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Unique Innovative Trading Co., Ltd. မှ ဒါရိုက်တာ ဦးကိုကိုလေးက ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရောင်းအားပြည့်မီသော အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တက်ရောက်လာကြသော ကုန်သည်ကြီးများနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ကံစမ်းမဲများကိုချီးမြှင့်ပေးခဲ့ရာ ပထမ မရည်ရည်ဝင်း ဗဟန်း၊ ဒုတိယ ဒေါ်တင်တင် သိမ်ကြီးဈေးနှင့် တတိယ ဒေါ်ဝင်းဝင်းစန်း လားရှိုးတို့ အသီးသီးရရှိသွားကြသည်။**(အပေါ်ဝဲပုံ)**

ဤအခမ်းအနားတွင် ဘရင်းကြက်ပေါင်းရည်၏ သမိုင်းကြောင်းနှင့် ဘရင်းကြက်ပေါင်းရည် တီဗွီကြော်ငြာအသစ် စတင်ထုတ်လွှင့်ခြင်း အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

စားလှယ်များဖြစ်ကြသောမော်လမြိုင်မှ ဦးအောင်ကျော်ခင်နှင့် တောင်ငူမှ ဦးကင်းအောင်တို့အား တစ်ဦးလျှင် ရွှေဒင်္ဂါးပြား တစ်ကျပ်သားစီ ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် Unique Innovative Trading Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးဇော်ဟိန်းက စာနယ်ဇင်းအဖွဲ့ နာရေး ရန်ပုံငွေကျပ်၃၀၀၀၀နှင့် စာနယ်ဇင်းအဖွဲ့ နာမကျန်းရန်ပုံငွေကျပ် ၃၀၀၀၀တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံပညာမူလတန်းကြိုကျောင်းဆောင်သစ် ဂန့်ဂေါ၌ ဖွင့်

ဂန့်ဂေါ ဇွန် ၇

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပေးသော အခြေခံပညာမူလတန်းကြို ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က အဆိုပါကျောင်းဆောင်သစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောမြင့်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ပြင်ဆင်မှု

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် အဖွဲ့သည် ကျောင်းဆောင်နှင့် ကျောင်းဆောင်ပတ်ဝန်းကျင်နေရာများတွင် ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အကုန်အကျခံ

အဆိုပါကျောင်းဆောင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၃၄ဒသမ၂၈သိန်း၊ ပြည်သူများထည့်ဝင်လှူဒါန်းငွေ ၃ဒသမ၅သိန်းတို့ဖြင့် အကုန်အကျခံ၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ (၂၇၃)

သံဖြူဇရပ်မြို့နယ် ကျိုက္ကမီမြို့ ဗိုလ်ချုပ်လမ်း စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၃ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာနှင့် ဦးဇော်မြင့်ဦးတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းပွဲ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

ပြည် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၃၀ ရက်နံနက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ဝန်ကြီး၏မှာကြားချက်များ၊ ဦးစီးဌာန၏လုပ်ငန်းညှိနှိုင်းပွဲနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ **(အောက်ပုံ)**

တင်ပြဆွေးနွေး

ဆက်လက်၍ ပြည်ခရိုင်အတွက် လုပ်ငန်းလျာထားချက်များကို ချမှတ်ပေးပြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း သဲကုန်း၊ ပေါင်းတည်နှင့် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများက မြို့နယ်အလိုက် တင်ပြဆွေးနွေးကြသည်။ **(တိုင်း ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်
၁၂–၆–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (စစ်ကိုင်းမြို့မှ မြန်မာ့ရိုးရာကြိမ်ထည်လုပ်ငန်း)
- ၁၁း၄၀ သုတစုံစွာ သိမှတ်စရာ (အစားသည်ဆေး–သိပ္ပံမှူးတင်)
- ၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂း၂၅ အားကစားသတင်းပဒေသာ
- ၁၂း၃၅ သီချင်းကြီးပဒေသာ
  - (၁) မိုးလုံးပတ်လည်(ပတ်ပျိုး)–မောင်မောင်ကြီး
  - (၂) ရာပြည့်မင်းငယ်တို့ (ယိုးဒယား)–မြင့်မြင့်စိန်

ညနေပိုင်း

- ၁၆း၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
  - (၁) လယ်တောအလှ
  - (၂) မြပဝါခင်းတဲ့ တို့လယ်တော
  - (၃) လယ်၏သမီးပျို
- ၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့၏ အာဟာရ ငါးပိ–ခင်ဇ–စက်မှု)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
- ၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း အဆို၊ အက၊ အရေး၊ အတီးဆုရ (မန္တလေးတိုင်းမှ မောင်ရှိုင်းအောင်ဆိုင်းအဖွဲ့)
- ၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) အိပ်မက်လှလှမက်ပါစေ
  - (၂) ဥတုသုံးလီ
  - (၃) မောင်နှင့် ဖူးစာဆုံချင်သလား

အမြို့မြို့ အနယ်နယ် သတင်းများ

အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အဖွဲ့ချုပ်အကြောင်း သိကောင်းစရာဆွေးနွေး အဘိုးအဘွားများအား အာဟာရနှင့်ဆေးဝါးထောက်ပံ့

အုတ်တွင်း ဇွန် ၇

ပဲခူးတိုင်းအုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဆွေးနွေးဟောပြောပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်ပိုင်းက ဇီးဖြူသောင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများ တက်ရောက်ကြသည်။

ဆေးဝါးများထောက်ပံ့

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်ဒေါ်တင်ဝင်းရီ၊အဖွဲ့ဝင်ဒေါ်ခင်မိုးမိုး၊ အဖွဲ့ဝင်ဒေါ်ဝင်းဝင်းမြင့်တို့က အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ အမျိုးသမီးငယ်ရွယ်အကြောင်းသိကောင်းစရာများ၊ လူမှောင်ခိုနှင့် အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သက်ကြီးရွယ်အို အဘိုးအဘွားများကို အာဟာရနှင့် ဆေးဝါးများ ထောက်ပံ့ လှူဒါန်းကြသည်။ **(အောက်ပုံ)** **(၃၁၆)**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ငွေပဒေသာပင် စိုက်ထူလှူဒါန်း

စစ်ကိုင်း ဇွန် ၂

စစ်ကိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သီတာထွန်း ဦးဆောင်သော ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မေ ၂၆ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် အမှတ်(၂၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(အောင်မြေဦး)သို့ သွားရောက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဒေါ်ငယ်ငယ်က ငွေကျပ်ငါးသောင်း၊ အဖွဲ့ဝင် ဒေါ်ငွေရက ငွေကျပ်တစ်သောင်းတို့ကို အောင်မြေဦးဆရာတော်ထံ ဆက်ကပ်လှူဒါန်း၍ ငွေပဒေသာပင် စိုက်ထူကြသည်။ **(ခရိုင် ပြန်/ဆက်)**

ခင်ဦး၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ခင်ဦး ဇွန် ၁

ခင်ဦးမြို့နယ် မကျီးအုပ်ကျေးရွာအုပ်စု ခင်ဦး–ရေဦး ကားလမ်းအနီး၌ ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို မေ ၂၂ရက် နံနက် ၇ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)တိုင်းအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ များ၊ မကျီးအုပ် ကျေးရွာ၊ အင်းပါတ် ကျေးရွာနှင့် အင်းတိုင်းလေးကျေးရွာများမှ ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များကို တပျော် တပါးစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများက မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျောင်းကုန်း၌ကျင်းပ

ကျောင်းကုန်း ဇွန် ၇

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကိုဇွန် ၃ ရက်နံနက် ၈ နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ရပ်ကွက်နယ်မြေအလိုက် လမ်းဘေး ဝဲယာတစ်လျှောက်၌ ကျင်းပသည်။

တပျော်တပါးစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်း ဦးဆောင်သော မြို့နယ်၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသိန်းထွန်း ဦးဆောင်သော မြို့နယ်၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက စုပေါင်း၍ မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်များဖြစ်သော ကျွန်း၊ မဟော်ဂနီ၊ မယ်ဇလီ စသည့်ပျိုးပင် ၃၀၀ ကျော်ကို တပျော်တပါးစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

ကူညီဆောင်ရွက်

အဆိုပါ စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး မြို့နယ်သစ်တောဦးစီးဌာန သစ်တောတာဝန်ခံ ဦးထွန်းနိုင်သန်းနှင့် ဝန်ထမ်းများက လိုအပ်သည့် ပျိုးပင်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

စိုက်ပျိုးပြီး

၂၀၀၆ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးရှိ ကျေးရွာ အုပ်စုများအနက် ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၂)အုပ်စုတို့တွင် မြို့နယ်သစ်တောဦးစီးဌာနက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မယ်ဇလီ၊ ကံ့ကော်၊ ခရေ၊ ရေတမာစသည့် ပျိုးပင်ပေါင်း ၃၈၅၃ ပင်ကို စိုက်ပျိုးပြီးကြောင်း သိရသည်။ **(၂၆၅)**

ချောင်းဦးမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ရပ်ကွက်ပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်

ချောင်းဦး ဇွန် ၆

မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ရပ်ကွက်ပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက်က ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း အတွင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ချောင်းဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အဖွင့်အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အားကစားပစ္စည်းများကိုပေးအပ်လှူဒါန်းရာ ယာယီမြို့နယ်အတွင်းရေးမှူး ဦးချစ်လွင်က လက်ခံရယူသည်။

ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ရပ်ကွက်ပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲတွင် ချောင်းဦးမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(က-ပ)**

(၉၁)ကြိမ်မြောက်သွေးလှူဒါန်း



ရန်ကုန် ဇွန် ၁၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပားကျေးရွာ နယ်လှည့်သာသနာပြုမိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက လူမှုထူးချွန် ပထမဆင့် မော်လမြိုင်တောင်ဝိုင်း ဓမ္မရက္ခိတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)** သည် ဇွန် ၄ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် မေတ္တာဗျူဟာ သွေးလှူရှင်များအသင်းတွင် (၉၁) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

အကျဉ်းချုံးကြေးတိုင်လုပ်ငန်း ညှိနှိုင်းဆွေးနွေး ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်မှုရှင်းလင်း

မန္တလေး ဇွန် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အထက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာန အကျဉ်းချုံး ကြေးတိုင်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၆ရက် နံနက် ၁၀နာရီက အထက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းရှစ်ခုမှ ပြည်နယ်နှင့်တိုင်း ဒုတိယဦးစီးမှူးများ တက်ရောက်ကြပြီး အထက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းက အဖွင့်အမှာစကား ပြောကြားသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက လုပ်ငန်းပြီးစီးမှုများ စိစစ်ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းက အကျဉ်းချုံးကြေးတိုင်လုပ်ငန်းနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြား၍ ကျန်ရှိနေသေးသော ပြည်နယ်နှင့်တိုင်းများအား အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ပြည်နယ်နှင့်တိုင်းများမှ တင်ပြဆွေးနွေးချက်များကို ပြန်လည် ရှင်းလင်းသည်။ **(အောက်ပုံ)** **(ကြေးတိုင်ဦးစီး)**

ရေစီးရေလာကောင်းမွန်ရေး

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်ထွန်းဦး လမ်းဘေးဝဲယာ ရေမြောင်းများ မြေကော်စက်ဖြင့် တူးဖော်ရှင်းလင်းမှုကို မေ ၂၉ ရက်က အမှုဆောင်အရာရှိဦးမြတ်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးတို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာကို မေ ၁၄ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးသာအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်စိုး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလုပ်ချိန်ပြည့်ဝစွာ တာဝန်ထမ်းဆောင်ရေး တွေ့ဆုံမှာကြား

မင်းဘူး မေ ၃၁

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်သည် မေ ၁ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းအင်အားစစ်ဆေးပြီး အလုပ်ချိန်ပြည့်ဝစွာ တာဝန်ထမ်းဆောင်ရေးနှင့် လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သဲဖြူကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

ပေါင် ဇွန် ၁

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သဲဖြူကုန်း ကျေးရွာတို့၏ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင် လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက် အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ရက်နံနက် ၁၀နာရီက ပေါင်မြို့နယ် သဲဖြူကုန်း ကျေးရွာ အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အဆောက်အအုံသစ်ကို ပေါင်မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြ၊ မြို့နယ်ဆရာဝန် ဒေါက်တာထွန်းမြင့်နှင့်ကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို သဲဖြူကုန်းကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြက ဂုဏ်ပြု အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ **(၂၆၀)**

ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ ချောင်းဆုံမြို့နယ်များရှိ တင်ဒါငါးဖမ်းကွက် (၉၆)ကွက်ကို ၂၀၀၆/၂၀၀၇ ခုနှစ် ငါးဖမ်းရာသီအတွက် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ တင်ဒါဆွဲ ဝယ်လိုသူမည်သူမဆို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်များကို မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဆုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာ လက်မှတ်ထုတ်ပေးမည့်နေ့ရက်	–	၇-၆-၂၀၀၆ မှ ၂၃-၆-၂၀၀၆ ရက်ထိ
တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာ	–	မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဆုံ
လက်မှတ်ထုတ်ပေးမည့်နေရာ	–	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါရောင်းချမည့်ရက်	–	၂၆-၆-၂၀၀၆ (တနင်္လာနေ့) နှင့် ၂၇-၆-၂၀၀၆ (အင်္ဂါနေ့)
တင်ဒါရောင်းချမည့်အချိန်	–	(၁၀:၀၀) နာရီ
တင်ဒါရောင်းချမည့်နေရာ	–	ရာမညခန်းမ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၊ မော်လမြိုင်မြို့။

၂။ ရောင်းချမည့်တင်ဒါ ငါးဖမ်းကွက်များနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများနှင့် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဖုန်း-၀၅၇-၂၄၇၇၀ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့
မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
မော်လမြိုင်မြို့။

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားခြင်း
အကြောင်းကြားစာ
အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၃

ဦးအောင်နိုင်ထွန်း
အမှတ်-၃၈၀(က)၊ ပုလဲလမ်း
၄-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့။
လျှောက်ထားသူ

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ၄-ရပ်ကွက် ပုလဲလမ်း အမှတ်-၃၈၀(က)နေ ဦးအောင်နိုင်ထွန်းက ကွယ်လွန်သူ ဦးသိန်းထွန်း၏ သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဦးသိန်းထွန်းအမည်ဖြင့် စုဆောင်းကျန်ရှိသည့် စုဆောင်းငွေများအပေါ် အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်စာရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးသိန်းထွန်းတွင် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၆ခုနှစ် ဇွန်လ ၂၃ရက်(၁၃၆၈ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်)နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးအောင်နိုင်ထွန်း၏ လျှောက်ထားချက်ကို နာကြား၍ အမွေဆက်ခံခွင့်လက်မှတ်စာ ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

သန်းထွန်း
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်း တရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၁)ရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၇၇၉

မနေနွယ်ဝင်းကြည်	**နှင့်**	ကိုဇော်ဝင်း
တရားနိုင်		**တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၁၁)ရုံးရှိ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၄၉ အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၀၆ ခုနှစ် ဇွန်လ ၂၂ ရက် ၁၀:၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင် ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်း မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ၁၀၀/-လျှင် ၂၅/-လေလံဆွဲ ဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။
၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။
၆။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ တိုက်အမှတ်-၁၂၀၊ (၅)ထပ်၊ ဝဲဘက်အစွန်ခန်း၊ အကျယ်အဝန်း (၁၂ ပေ x ပေ ၆၀)ရှိ ပြုပြင်ပြီး တိုက်ခန်း။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀ တိတိ

၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာထုတ်ပေးလိုက်သည်။

တင်အောင်
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။



ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်

ပါရမီလမ်းမကြီးပေါ်ရှိ ချော်တွင်းကုန်းမီးပွိုင့်အနီး(၆)လွှာ(၁၆ပေ x ၅၃ပေ) တိုက်ခန်း၊ Hall Type မြောက်ဘက်လှည့်ထောင့်ခန်း။
– ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုဆောင် ကြွေပြားကပ်ပြီး။
– သံဘန်းအပြည့်တပ်ဆင်ပြီး။
– သီးသန့်ရေမော်တာပါ၊ ကြိုးဖုန်းပါ။
ဆက်သွယ်ရန်ဖုန်း- ၅၆၀၇၀၉၊ ၅၆၁၁၃၈၊ ၀၉၅၁-၅၄၆၁၅။

အိမ်စီးကားသန့်ရောင်းမည်

ဟိုင်းလပ်-၇၈ မော်ဒယ် ၅ချိတ် ဏ/----- အရာရှိရိပ်သာ၊ အမှတ်(၈)သစ်စက် ဘုရင့်နောင်လမ်း၊ အုတ်ကျင်း၊ လှိုင်မြို့နယ်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မုဒုံမြို့ရှိ မေတ္တာကာရီ နာရေးကူညီမှုအသင်းအတွက် ဇွန် ၅ ရက်က ဦးစံမွေးအားရည်စူး၍ ဒေါ်ခင်ကြည် မိသားစုက ငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ မေတ္တာကာရီ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်နီက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။
(မြို့နယ်ပြန်/ဆက်)

တောင်ကြီးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

တောင်ကြီး ဇွန် ၆

၂၀၀၆ ခုနှစ် မိုးရာသီတောင်ကြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားရပ်ကွက်နှင့် ကျေးရွာဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ယမန်နှစ်ချန်ပီယံ ပန်းတင်ကျေးရွာဘောလုံးအသင်း တာဝန်ရှိသူများက ပထမဆုဖလားကို ပြန်လည်အပ်နှံရာ မြို့နယ်ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်ဘောလုံး ဆပ်ကော်မတီဝင်များက ဘောလုံးသမားများအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်ပြီး မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇော‌က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပန်းတင်ကျေးရွာအသင်းနှင့် မိုင်းသော်အရှေ့ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပန်းတင်ကျေးရွာအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ပြိုင်ပွဲသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသင်းပေါင်း ၄၂ သင်း ပါဝင်ယှဉ်ပြိုင်ပြီး မေ ၃၀ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် အား/ကာ)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဒီပဲယင်းမြို့နယ် မုံရွာ-ရေဦးကားလမ်းဘေး မိုင်တိုင်အမှတ် ၁၁၇ အနီးတွင် မေ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်စစ်ဆေးပေးစဉ်။
(မြို့နယ်စည်ပင်)

ပန်းအလှပင်များစိုက်ပျိုး

ပင်လုံမြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ် ပတ်ဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)



ကင်းချောင်းတံတား ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ကင်းချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသည့်သီးနှံများ ခေတ်မီနည်းစနစ်ဖြင့်တိုးချဲ့စိုက်ပျိုး အကျိုးရှိမည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစမ်းသပ်စိုက်ပျိုးလုပ်ကိုင်

နေပြည်တော် ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မိုးမိတ်မြို့ရှိ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပါတီလျှောက်လှမ်းနေသည့် လမ်းကြောင်းမှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အစိုးရဆန့်ကျင်ရေးလုပ်ရပ်များဖြစ် NLD ပါတီဝင်အဖြစ် ဆက်လက် မရပ်တည်လိုတော့သဖြင့် ရပ်စောက်မြို့နယ် စည်းရုံးရေးကော်မတီဝင်အဖြစ်မှနုတ်ထွက်

ရန်ကုန် ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးဘကြူးသည် ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး မေ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့သည်။

ရပ်စောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော တောင်ကြီးမြို့နယ် NLD စည်းရုံးရေးကော်မတီဝင် ဦးဘကြူး၏ နုတ်ထွက်လွှာတွင် ၎င်းသည် ၂၀၀၂ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် NLD ပါတီသို့ ဝင်ရောက်ခဲ့ကြောင်း၊ စတင်ဝင်ရောက်စဉ်က ပါတီနိုင်ငံရေးကို စိတ်ဝင်စားခဲ့သော်လည်း ယခုအခါ NLD ပါတီ လျှောက်လှမ်းနေသည့် လမ်းကြောင်းမှာ ပါတီနိုင်ငံရေးမဟုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်ရေး၊ အစိုးရဆန့်ကျင်ရေး လုပ်ရပ်များကြောင့် NLD ပါတီဝင်အဖြစ် ဆက်လက်မရပ်တည်လိုတော့ကြောင်း၊ NLD ပါတီနှင့်လည်း လုံးဝဆက်သွယ်ပတ်သက်လိုသည့် ဆန္ဒမရှိတော့သဖြင့် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ မြို့နယ်စည်းရုံးရေးကော်မတီဝင်အဖြစ်မှလည်းကောင်း မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပ

ရန်ကုန် ဇွန် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ခရေပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ခရေပင်စိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း၌ ကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ရောက်ရှိပြီး ခရေပင်ကိုစိုက်ပျိုးပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ကံ့ကော်ပင်ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ခရေပင်ကိုလည်းကောင်း အသီးသီးစိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✡

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၁ ရက်)၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နာမည်ကြီးအင်္ဂလန် နိုင်သော်လည်း ခြေစွမ်းမပြနိုင် ဆွီဒင်ဂိုးမရ၍ ထရီနီဒက်တို့ တစ်မှတ်ရသွား

သတင်းမှတ်တမ်း–ကိုထွေး

ရန်ကုန် ဇွန် ၁၀

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ည၇နာရီခွဲက ဖရန့်ဖတ်မြို့ရှိ Commerz bank Arena အားကစားကွင်း၌ ကျင်းပရာ အင်္ဂလန်အသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ●

အင်္ဂလန်အသင်းနှင့်ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပါရာဂွေးအသင်းမှ အသင်းခေါင်းဆောင် ဂါမာရာ ကိုယ့်ဂိုးကိုယ်သွင်းမိ၍ ဤသို့ ဂိုးဝင်သွားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)